# ကြေးမုံ

The Mirror Daily

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

e - paper ဖတ်ရှုရန်

၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်၊ သောကြာနေ့။ Friday, 28 August 2026 ၁၂၂၈၄


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလာ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

## ယနေ့ ဖတ်စရာ


**ဆောက်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ အာဏာတည်သည့်နေ့ရက်သတ်မှတ်** စာမျက်နှာ » ၃

**စမတ်ဂရစ် (Smart Grid) ရင်ခုန်သံနှင့် မြန်မာ့လျှပ်စစ်စွမ်းအင်ကဏ္ဍ၏ ခြေလှမ်းသစ်များ** ဆောင်းပါး စာမျက်နှာ » ၆

**မြန်မာစံချိန်စံညွှန်းများသတ်မှတ်ခြင်း** စာမျက်နှာ » ၁၀


**၂၀၂၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်လျှောက်လွှာများ စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်အတွင်း တင်သွင်းကြရမည်**

**စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်လျှောက်လွှာများ စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်အတွင်း တင်သွင်းကြရမည်**

စာမျက်နှာ » ၅



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်တို့ရှိ နည်းပြများနှင့်ဗိုလ်လောင်းများ၊ ဘွဲ့လွန်သင်တန်းသားများနှင့် တပ်နယ်မှ အရာရှိ၊ စစ်သည်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်တို့ရှိ နည်းပြများနှင့်ဗိုလ်လောင်းများ၊ ဘွဲ့လွန်သင်တန်းသားများနှင့် တပ်နယ်မှ အရာရှိ၊ စစ်သည်များအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၂၇

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် ယနေ့မွန်းလွဲပိုင်းတွင် စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်တို့ရှိ နည်းပြများနှင့် ဗိုလ်လောင်းများ၊ ဘွဲ့လွန်သင်တန်းသားများနှင့် တပ်နယ်မှ အရာရှိ၊ စစ်သည်များအား စစ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰

## နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၂၇

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ ဩဂုတ် ၃၁ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍



Agri Tech Cambodia 2026 ပြပွဲ၌ မြန်မာ့စိုက်ပျိုးရေးထုတ်ကုန်များ ခင်းကျင်းပြသခဲ့သည့် MFVP ပြခန်းကို တွေ့ရစဉ်။

## Agri Tech Cambodia 2026 တွင် MFVP ပြခန်းဖွင့်လှစ်ပြသပြီး မြန်မာ့စိုက်ပျိုးရေးထုတ်ကုန်များ နိုင်ငံတကာဈေးကွက်သို့ မိတ်ဆက်

ရန်ကုန် ဩဂုတ် ၂၇

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ဩဂုတ် ၂၆ ရက်မှ ၂၈ ရက်အထိ ကျင်းပလျက်ရှိသည့် Agri Tech Cambodia 2026 အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးနှင့် နည်းပညာပြပွဲတွင် မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်သူများအသင်း(MFVP)က ပြခန်းဖွင့်လှစ်၍ အသင်းဝင်များ၏ တန်ဖိုးမြှင့်ထုတ်ကုန်များကို နိုင်ငံတကာဈေးကွက်သို့ မိတ်ဆက်ပြသလျက်ရှိကြောင်း MFVP မှ သိရသည်။

အဆိုပါပြပွဲသို့ MFVP အသင်းက ပြခန်းတစ်ခန်း ပါဝင်ပြသထားကာ အသင်းဝင်များ၏ တန်ဖိုးမြှင့်(Value-added) ထုတ်ကုန်များကို နိုင်ငံတကာမှ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖




ကြေးမုံ

# ဝါခေါင်လပြည့်အခါတော်နေ့ မေတ္တာလွှမ်းခြုံ၍ ငြိမ်းချမ်းမှုဆောင်

ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့ကို ဗုဒ္ဓမြတ်စွာဘုရားရှင်က မေတ္တာသုတ်တရားတော်ကို ထုတ်ဖော်ဟောကြားသည့် ဖြစ်ရပ်နှင့်စပ်လျဉ်း၍ ရည်စူးကျင်းပခြင်းဖြစ်သည်။ မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်အချိန်ကာလကဖြစ်သည်။ ရဟန်းတော်ငါးရာတို့သည် ဝါဆိုဦးအချိန်အခါ၌ မြတ်စွာဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းတရားများဆည်းပူးပြီး သပ္ပာယမျှတသည့် တောအုပ်တစ်ခုတွင် ပုရိမဝါဆိုကာ တရားအားထုတ်တော်မူကြသည်။

ထိုအခါ ရဟန်းတော်များ၏ သီလတန်ခိုးကြောင့် သစ်ပင်ဗိမာန်ထက်မှဆင်းပေးရသည့်နတ်အချို့က ရဟန်းတော်များ ထွက်ပြေးစေရန်ရည်ရွယ်၍ အနံ့ဆိုးများလွှတ်ခြင်း၊ ညစ်ညမ်းဆိုသံများဖြင့် အော်ဟစ်ခြင်း၊ ကြောက်မက်ဖွယ်ရာအဆင်းမျိုးစုံတို့ကို ဖန်ဆင်းခြင်းတို့ဖြင့် ရဟန်းတော်များ ကြောက်လန့်အောင် ခြောက်လှန့်ခြင်းတို့ကို ပြုလုပ်ကြသည်။ နတ်အချို့၏ အနှောင့်အယှက်ပေးမှုကြောင့် ရဟန်းငါးရာတို့သည် တရားရှုမှတ်၍မရတော့ဘဲ ဝါတွင်းကာလမှာပင် မြတ်စွာဘုရားရှိရာ ဇေတဝန်ကျောင်းတော်သို့ ပြန်လာခဲ့ကြသည်။ ဝါခေါင်လပြည့်နေ့တွင် မြတ်စွာဘုရားထံသို့ ဆိုက်ရောက်၍ ကြုံတွေ့ရသည့်အခက်အခဲများကို လျှောက်ထားကြသည်။

မြတ်စွာဘုရားရှင်က ရဟန်းတို့ မေတ္တာကမ္မဋ္ဌာန်း မပွားကြသည့်အတွက် ရုက္ခစိုးနတ်များနှင့် ရင်းနှီးမှုမရှိ၊ ချစ်ကျွမ်းမဝင်ဖြစ်ကာ နှင်ထုတ်ခံရခြင်းဖြစ်ကြောင်း ဟောပြ၍ ရဟန်းငါးရာတို့အား မေတ္တာကမ္မဋ္ဌာန်း သင်ပြပေးတော်မူသည်။ ရဟန်းငါးရာတို့သည် မူလတောအုပ်သို့ပြန်လာ၍ ဝါခေါင်လပြည့်ကျော် ၁ ရက်နေ့တွင် ပစ္ဆိမဝါ (ဒုတိယဝါ)ကပ်ကြသည်။ မြတ်စွာဘုရားရှင် သင်ပြသည့်အတိုင်း ရုက္ခစိုးနတ်များနှင့်တကွ အားလုံးသော ဝေနေယျသတ္တဝါအပေါင်းတို့အပေါ် မေတ္တာဖြန့်ကြက်ပို့လွှတ်ကြသည်။ ရဟန်းတော်များ၏ ပို့လွှတ်အပ်သော မေတ္တာဓာတ်ကြောင့် နတ်အများ ကြည်ညိုချစ်ခင်လာကြသည်။ ရုက္ခစိုးနတ်အပေါင်း၏ စောင့်ရှောက်မှုကြောင့် ဝါတွင်းကာလ၌ တရားအားထုတ်ကြရာ ရဟန်းတော်ငါးရာတို့မှာ ရဟန္တာဖြစ်လာကြသည်။

အဆိုပါရဟန်းတော်ငါးရာတို့ကို ဝါခေါင်လပြည့်နေ့တွင် မေတ္တာသုတ်တော် ဟောကြားတော်မူသည်ကို ရည်မှန်းကာ ယခုအခါ ဝါခေါင်လပြည့်နေ့ရောက်တိုင်း မေတ္တာအခါတော်နေ့ကို ကျင်းပပူဇော်ကြသည်။ ရှေးယခင်က ဝါခေါင်လပြည့်နေ့တွင် မေတ္တာရေစင်သွန်းလောင်း၍ ကျင်းပလာသောကြောင့် မြန်မာပြည်တစ်ဝန်းလုံး ဘေးရန်ကင်း၍ ငြိမ်းချမ်းသာယာဝပြောလာသည်။ မေတ္တာသုတ်တော်ကို ဝါခေါင်လပြည့်နေ့တွင်သာမက နှစ်စဉ် ဇန်နဝါရီလမှ ဇွန်လအထိ မေတ္တာသုတ်တော်လာ နည်းပေါင်း ၅၆၁ နည်းဖြင့် မေတ္တာဓာတ်များ ဖြန့်ဝေပို့လွှတ်ခဲ့သည်။ ဇူလိုင်လမှ ဒီဇင်ဘာလအထိ ပဋိသမ္ဘိဒါမဂ်နည်းပေါင်း ၅၂၈ သွယ်ဖြင့် ဝေနေယျသတ္တဝါအပေါင်းတို့အပေါ် မေတ္တာဓာတ်များ ဖြန့်ဝေပို့လွှတ်ခဲ့ကြသည်။

ယခုအခါ မေတ္တာအခါတော်နေ့ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင်းပခြင်းမျိုး ဆောင်ရွက်ခြင်းမရှိတော့သော်လည်း ရန်ကုန်မြို့တွင် ဆံတော်ရှင်မြတ်ကိန်းဝပ်သည့် ဗိုလ်တထောင်စေတီတော်၌ မေတ္တာဗျူဟာအဖွဲ့က ဝါခေါင်လပြည့်မေတ္တာအခါတော်နေ့ကို အစဉ်အလာမပျက် ကျင်းပခဲ့သည်။ ဝါခေါင်လပြည့်မေတ္တာအခါတော်နေ့တွင် မေတ္တာသုတ်တော်ကို ရွတ်ဖတ်ပူဇော်ကြခြင်းအပြင် ဇီဝိတဒါနအဖြစ် သတ္တဝါအပေါင်းတို့ ချမ်းသာစေခြင်းအလို့ငှာ မေတ္တာဓာတ်များဖြန့်ကြက်၍ တိရစ္ဆာန်အမျိုးမျိုး ဘေးမဲ့လွှတ်ခြင်းတို့ကိုလည်း ဆောင်ရွက်ကြသည်။ ရှေးယခင်က ဘာသာရေးဝတ်အသင်းများပေါများလှသော်လည်း ယခုအခါ လူမှုစီးပွားဘဝ အကြောင်းအမျိုးမျိုးတို့ကြောင့် နည်းပါးသွားပြီဖြစ်သည်။ မေတ္တာတရားကို တစ်နေရာလုံး တစ်နိုင်ငံလုံး တစ်ကမ္ဘာလုံး လွှမ်းခြုံပို့လွှတ်နိုင်ခြင်းဖြင့် ကမ္ဘာကြီး ငြိမ်းချမ်းသာယာဝပြောမည်မှာ သေချာသည်။ မေတ္တာအခါတော်နေ့ကဲ့သို့ ပွဲလမ်းသဘင်များကို လူစည်ကားပျော်ရွှင်မှုသက်သက်ဖြင့် ကျင်းပခြင်းဖြင့် ကုသိုလ်ကောင်းမှုများနှင့် ငြိမ်းချမ်းသာယာမှုများ အပြည့်အဝရရှိမည်မဟုတ်ပေ။ မေတ္တာဓာတ်သက်သက် ကောင်းမှုကုသိုလ်ဖက်၍ ကြိုးစားအားထုတ်သင့်သည်။

ယခုအခါတွင် ကမ္ဘာကြီး၌ လောဘ၊ ဒေါသ၊ မောဟများလာပြီး ပဋိပက္ခအမျိုးမျိုးဖြစ်ပွားနေသည်ကို တွေ့ရမည်ဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး ခွင့်လွှတ်သည်းခံခြင်းမရှိ ဒေါသ၊ မောဟ၊ မာန်မာနများဖြင့် မထီလေးစားဆက်ဆံလာကြသည်ကို တွေ့ရမည်ဖြစ်သည်။ အထူးသဖြင့် လူအချင်းချင်း မေတ္တာမထားနိုင်ဘဲ သတ်ဖြတ်နှိပ်စက်ညှဉ်းဆဲခြင်းများအထိ ပြုလုပ်နေကြသည်ကိုတွေ့ရမည်ဖြစ်သည်။ မေတ္တာတရားခေါင်းပါးလာသည့်အခါတွင် ကမ္ဘာကြီး ပူပြင်းလောင်မြိုက်ပြီး သတ္တလောက၊ ဩကာသလောကတစ်ခုလုံး မခံသာအောင် ပျက်စီးနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။ သို့ဖြစ်ရာ ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့တွင် တစ်ကမ္ဘာလုံး မေတ္တာတရားလွှမ်းခြုံပြီး ငြိမ်းချမ်းသာယာဝပြောသော ကမ္ဘာကြီးဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်း အားထုတ်ကြရမည်ဖြစ်ပါကြောင်း။ ။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဘဏ်လုပ်ငန်း စည်းမျဉ်းနှင့် ကြီးကြပ်စစ်ဆေးရေးဌာနကြီး ညွှန်ကြားရေးမှူးချုပ် ဒေါ်မိုးမိုးကြည် ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ နည်းပညာတက္ကသိုလ်(ဟသ်ာတ) မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာ စိုးမိုးထွန်း ကို မန္တလေးနည်းပညာတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## အလွတ်တန်းအဆင့်ဆောင်းပါးပြိုင်ပွဲကျင်းပမည်

၁။ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အဖြစ် **"ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ဖို့ နေအိမ်များမှစတင်စို့"** ခေါင်းစဉ်ဖြင့် အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပထမဆု၊ ဒုတိယဆုနှင့် တတိယဆု ရရှိသူများအား နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် အထိမ်းအမှတ်အခမ်းအနားနေ့တွင် ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၂။ ပြိုင်ပွဲစည်းကမ်း သတ်မှတ်ချက်များအား https://bit.ly/Articles-2026 တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး တယ်လီဖုန်းအမှတ်၊ ၀၆၇ ၃၄၀၄၀၄၉၊ ၀၆၇ ၃၄၀၄၀၇၁ သို့လည်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန**

## (၂၇-၈-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၈ ~ ၃၆၆၉ | ၅၅၅.၃ ~ ၅၅၈.၇ | ၁၂၄.၉ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၂၆,၇၆၃,၀၇၉.၂၁ | ၃၆,၇၈၄,၄၄၇.၉၄ | ၂၈,၅၈၉,၀၁၂.၇၀ | - |

## ၂၇ - ၈ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၅၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၇ - ၈ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၈,၀၀၀ | ၁၈,၀၀၀ | ၃၂၆ | ၅,၈၆၈,၀၀၀ |
| MTSH | ၉,၀၀၀ | ၈,၉၀၀ | ၁,၅၄၉ | ၁၃,၈၁၄,၄၀၀ |
| MCB | ၁၃,၀၀၀ | ၁၃,၅၀၀ | ၄၉၂ | ၆,၃၉၇,၅၀၀ |
| FPB | ၆,၈၀၀ | ၆,၈၀၀ | ၁,၃၆၅ | ၉,၂၈၂,၀၀၀ |
| TMH | ၃,၆၅၀ | ၃,၆၅၀ | ၁၁၇ | ၄၂၇,၀၅၀ |
| EFR | ၁,၉၀၀ | ၁,၉၀၀ | ၁၂၅ | ၂၃၇,၅၀၀ |
| AMATA | ၄,၁၀၀ | ၄,၁၀၀ | ၈၁ | ၃၃၂,၁၀၀ |
| MAEX | ၆,၇၀၀ | ၆,၈၀၀ | ၁,၂၉၉ | ၈,၅၉၇,၆၀၀ |
| MADPL(PLB) | ၆,၃၀၀ | ၆,၃၀၀ | ၅၀၆ | ၃,၁၈၇,၈၀၀ |
| ASPGB(PLB) | ၆,၇၀၀ | ၆,၇၀၀ | ၁၂,၉၈၁ | ၈၇,၂၈၀,၃၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**စာတည်းမှူး** - အေဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကား ပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဥပဒေ အာဏာတည်သည့်နေ့ရက်သတ်မှတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

အမိန့်ကြော်ငြာစာအမှတ် ၁၁၈ / ၂၀၂၆

၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်

( ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်)

**ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဥပဒေ အာဏာတည်သည့်နေ့ရက်သတ်မှတ်ခြင်း**

ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေအမှတ် ၅ / ၂၀၂၆)သည် ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့မှစတင်၍ အာဏာတည်စေရမည်ဖြစ်ကြောင်း ယင်းဥပဒေပုဒ်မ ၂ အရ သတ်မှတ်လိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

☆ **ရွှေဖုံးမှ**

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ၊ နည်းပြများနှင့် ဗိုလ်လောင်းများ၊ ဘွဲ့လွန်သင်တန်းသားများနှင့် တပ်နယ်မှ အရာရှိ၊ စစ်သည်များ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ပြင်ဦးလွင်တပ်နယ်ရှိ တပ်ဖွဲ့အသီးသီးမှ တပ်မတော်သားများအနေဖြင့် လုံခြုံရေးအရ အရေးကြုံချိန်တွင် တပ်မတော်သားပီသစွာဖြင့် လုပ်ငန်းတာဝန်မခွဲခြားဘဲ စစ်ဆင်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန် ရှပ်ရှပ်ချွံချွံတာဝန်ထမ်းဆောင်ခဲ့၍ အလေးထားအသိအမှတ်ပြုပါကြောင်း၊ ထို့ပြင် ပြင်ဦးလွင်သည် ရာသီဥတုအရ၊ နယ်မြေအရ တပ်မတော်၏ လေ့ကျင့်ရေး ဘူမိနက်သန်ဖြစ်သည့်အတွက် လေ့ကျင့်ရေးပိုင်းဆိုင်ရာများတွင် စံနမူနာပြဖြစ်ရန် အမြဲတမ်းကြိုးစားဆောင်ရွက်နေရန်လိုကြောင်း။

တပ်မတော်၏ အဓိကတာဝန်မှာ နိုင်ငံတော်ကာကွယ်ရေး တာဝန်ဖြစ်ပြီး ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် ၁၉၈၈ ခုနှစ်နှင့် ၂၀၂၁ ခုနှစ် မြေပေါ်မြေအောက်အဖျက်သမားတို့၏ တိုင်းပြည်ဆူပူအုံကြွစေမှုနှင့် မင်းမဲ့စရိုက်ဆန်သော လုပ်ရပ်များကြောင့် ဆိုးရွားစွာဖြင့် တိုင်းပြည်ပြိုကွဲမည့်အခြေအနေတွင် တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို အပြည့်အဝ အချိန်မီတာဝန်ယူခဲ့ရကြောင်း၊ ထိုသို့ကာကွယ် စောင့်ရှောက်နိုင်ရန်မှာ တပ်မတော်အနေဖြင့် စွမ်းရည်ထက်မြက်သည့် တပ်မတော်ဖြစ်နေရန် အရေးကြီးကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ကို ကာကွယ်နိုင်ရန်အတွက် ၂၀၁၁ ခုနှစ်တွင် လေ့ကျင့်ရေးမူဝါဒအဖြစ် ချမှတ်ခဲ့သည့် **ကျန်းမာကြံ့ခိုင်ရမည်၊ ကျွမ်းကျင်ရမည်၊ ရဲစွမ်းသတ္တိရှိရမည်** စသည့်အချက် (၃) ချက်ကို ခေါင်းဆောင်များ မွေးထုတ်ပေးသည့် တက္ကသိုလ်များနှင့် လေ့ကျင့်ရေးကျောင်းများအနေဖြင့် စနစ်တကျလေ့ကျင့်ပေးနေရန် လိုကြောင်း။

စစ်တက္ကသိုလ်သည် လေ့ကျင့်ရေးနှင့် ပတ်သက်ပြီး လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်စုံသည့် အရာရှိများ မွေးထုတ်ပေးရန်ဖြစ်ပြီး ၎င်း၏အဓိကတာဝန်မှာ စစ်ဘက်ဆိုင်ရာခေါင်းဆောင်များ မွေးထုတ်ပေးခြင်းဖြစ်ကြောင်း၊ စစ်တက္ကသိုလ်နှင့် တပ်မတော် နည်းပညာတက္ကသိုလ်တို့သည် ဖွင့်လှစ်ရသည့်ရည်ရွယ်ချက် အသီးသီးရှိသော်လည်း အရည်အချင်းရှိသူများအား မွေးထုတ်ပေးသည့် တက္ကသိုလ်များဖြစ်ကြောင်း၊ အရာရှိကောင်းများ ဖြစ်စေရန် ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်မှု၊ စိတ်ဓာတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုနှင့် ခေါင်းဆောင်မှုစွမ်းရည်ပါ ပြည့်ဝရန် လိုအပ်ပြီး Training နှင့် ပတ်သက်ပြီး အလေးထားလုပ်ဆောင်ရန် လိုအပ်ကြောင်း။

စစ်ခေါင်းဆောင်များသည် စဉ်းစားဆင်ခြင်တုံတရားနှင့် သတ္တိရှိရှိ၊ တည်ငြိမ်စွာဖြင့် မှန်ကန်သောဆုံးဖြတ်ချက်ချမှတ်နိုင်သည့် စစ်ခေါင်းဆောင်များဖြစ်ရန် လိုပြီး လေ့ကျင့်ရေးအပိုင်းနှင့်ပတ်သက်လျှင် ပေါ့ပေါ့တန်တန်မလုပ်ရန် လိုကြောင်း၊ လက်ရုံးရည်၊ နှလုံးရည်နှင့် စဉ်းစားဆုံးဖြတ်နိုင်သည့် အတွေးအခေါ်ကြံ့စည်နိုင်သူများဖြစ်ရန် လိုအပ်ကြောင်း။

နည်းပြများသည် သင်တန်းသားများ စိတ်ဓာတ်၊ စည်းကမ်း ကောင်းမွန်အောင် ထိန်းကျောင်း လေ့ကျင့်သင်ကြားပေးရမည့် တာဝန်ရှိကြောင်း၊ အရည်အချင်းပြည့်ဝသည့် သင်တန်းသားများ ပေါ်ထွက်လာစေရန်အတွက် နည်းပြများသည် အရည်အချင်းပြည့်ဝရမည် ဖြစ်ပြီး လေ့ကျင့်ပေးသူများ၏ အရည်အချင်းပေါ်မူတည်၍ လေ့ကျင့်ခံရသူများ၏ အရည်အသွေးများပြောင်းလဲမည်ကို သတိပြုရန် လိုကြောင်း၊ နည်းပြကောင်းတစ်ဦးရရန် ချက်ချင်းလုပ်ယူ၍မရဘဲ အတွေ့အကြုံရှိရန် လိုအပ်သကဲ့သို့ စာပေပညာဖြစ်စေ၊ စစ်ပညာဖြစ်စေ နည်းပြများ၏ အတွေ့အကြုံရှိမှုသည် အရေးကြီးကြောင်း၊ နှလုံးရည်ပြည့်ဝသည့် အရာရှိများဖြစ်အောင် စာပေပညာပိုင်းကလည်း အရည်အချင်းပြည့်ဝအောင်သင်ပေးရသကဲ့သို့ လေ့ကျင့်ရေးပညာပိုင်းတွင်လည်း တပ်စုမှူးတာဝန် ထမ်းဆောင်နိုင်သည့်အဆင့်ထိ သင်ကြားပေးရမည်ဖြစ်ကြောင်း။

**ချွေးထွက်များမှ သွေးထွက်နည်းမည်** ဆိုသည့် ဆောင်ပုဒ်အတိုင်း လေ့ကျင့်ကြရမည်ဖြစ်ပြီး စစ်သားတစ်ယောက်ဖြစ်သည့်အတွက် ခန္ဓာကိုယ်ကြံ့ခိုင်ရန် လေ့ကျင့်ရေးပိုင်းကို စနစ်တကျဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လေ့ကျင့်သင်ကြားပေးသည့် စာပေပညာ၊ စစ်ပညာတို့ကို မှန်မှန်ကန်ကန်လိုက်နာဆောင်ရွက်မှသာလျှင် သင်တန်းဆင်းပြီးနောက်ပိုင်း လက်တွေ့တာဝန်ထမ်းဆောင်ရာ၌ မိမိတာဝန်ယူထားသည့်တာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်မည် ဖြစ်ကြောင်း၊ ဗိုလ်လောင်းများအား ညီအရင်းသဖွယ် ကြည့်ရှုစောင့်ရှောက်ရန်၊ အမှန်တကယ် တတ်မြောက်အောင် သင်ကြားပေးရန်နှင့် လမ်းမှားမရောက်ရှိစေရေး မှန်ကန်သည့် နည်းလမ်းများကို ရွေးချယ်ဆုံးဖြတ်တတ်စေရေး လေ့ကျင့်သင်ကြားပေးရန် လိုကြောင်း။

မည်သည့်တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်သည်ဖြစ်စေ ခြေလျင်တပ်ကဲ့သို့ တိုက်ပွဲဝင်နိုင်အောင် မိမိဘက်က အသင့်ဖြစ်ရန်လိုကြောင်း၊ ထို့ပြင် ခံ၊ ခွာ၊ ချီ၊ တိုက် ဥပဒေသများ၊ စစ်အခြေခံ သဘောတရားများသည် ပြောင်းလဲမှု မရှိဘဲ ၎င်းပေါ်တွင် အခြေခံ၍ စစ်အတတ်ပညာများ ပြောင်းလဲနေခြင်းဖြစ်ပြီး စစ်မြေပြင် စည်းမျဉ်းစည်းကမ်းများကို လည်း လိုက်နာရမည်ဖြစ်ကြောင်း၊ ပြောင်းလဲနေသည့် စစ်ပညာရပ်များနှင့် တိုးတက်လာသည့် နည်းပညာများကို အမြဲတမ်းလေ့လာနေရမည် ဖြစ်ပြီး ပြောင်းလဲမှုများကို အံဝင်ခွင်ကျဖြစ်အောင် လေ့ကျင့်၍ ဥပဒေသများကို လိုက်နာရန် လိုအပ်ကြောင်း၊ လေ့ကျင့်ရေးကျောင်းများတွင် “လေ့လာ၊ လေ့ကျင့်၊ လိုက်နာ” ဟူသည့် ဆောင်ပုဒ်ရှိပြီးဖြစ်၍ ယူနီဖောင်းဝတ်ဆင်ထားသည့် ကာလတစ်လျှောက်လုံးတွင် ၎င်းအချက် (၃) ချက်ကို အမြဲတမ်းလိုက်နာဆောင်ရွက်နေရမည်ဖြစ်ကြောင်း။

အုပ်ချုပ်ရေးပိုင်းတွင် ညီညွတ်မျှတစွာဖြင့် ကျောသား၊ ရင်သားမခွဲခြားဘဲ မျှမျှတတ ကွပ်ကဲအုပ်ချုပ်ရန်လိုပြီး ကွက်ကျားမိုးရွာ၍မရကြောင်း၊ တတ်နိုင်သမျှ လူမှန်နေရာမှန် တာဝန်ပေးရန်လိုအပ်ပြီး အုပ်ချုပ်ထောက်ပံ့မှု ကိစ္စရပ်များကို အချိန်နှင့်တစ်ပြေးညီ မှန်မှန်ကန်ကန် ဆောင်ရွက်ပေးရန်လိုကြောင်း၊ နည်းပြများသည် မိဘကိုယ်စားဖြစ်ပြီး ဒုတိယမိဘများပင်ဖြစ်ကြောင်း၊ မိဘများကိုယ်စား ထိန်းကျောင်းပေးနိုင်ရေး စေတနာထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

တပ်တွင်း စည်းလုံးညီညွတ်ရေးနှင့် တပ်နေပျော်ရေးအတွက် တပ်မှူးများ၊ အရာရှိများသည် လက်အောက်နှင့် အမြဲထိတွေ့နေရန် လိုကြောင်း၊ မိသားစုများ တပ်တွင်း၌ လိုက်ပါနေထိုင်ကြပြီး မိသားစုအရိပ်အမြုံတစ်ခုကို တည်ဆောက်ရာတွင် သား/သမီးချင်း၊ နှမသားချင်း စာနာသည့်စိတ်များဖြင့် ခိုင်မာအောင် တည်ဆောက်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် တပ်တည်ဆောက်ရေးအပိုင်းတွင် စိတ်ဓာတ်ကောင်းရန်လည်း လိုအပ်ပြီး တပ်နေပျော်သည်နှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာကောင်းမွန်လာမည်ဖြစ်ကြောင်း။

စည်းကမ်းပိုင်းဆိုင်ရာများအနေဖြင့် အမိန့်နှင့် ညွှန်ကြားချက်များသည် စည်းကမ်း စနစ်တကျရှိစေရန်အတွက် ထုတ်ပြန်ထားခြင်းဖြစ်ပြီး စစ်စည်းကမ်းပိုင်းဆိုင်ရာများတွင် လိုက်နာမှုမရှိပါက တပ်တွင်းစည်းလုံးညီညွတ်မှုကို ထိခိုက်လာနိုင်မည်ဖြစ်ကြောင်း၊ စည်းကမ်းသည် တပ်မတော်၏ ကျောရိုးဖြစ်သောကြောင့် စည်းကမ်းကောင်းလျှင် တပ်မတော်သားကောင်းတစ်ဦးဖြစ်လာမည် ဖြစ်ပြီး တပ်မတော်သားကောင်းများ ပေါင်းလျှင် စည်းကမ်းရှိသော တပ်မတော်ဖြစ်လာမည်ဖြစ်ကြောင်း၊ စည်းကမ်းတကျနေတတ်သည့်အကျင့်များကို ဗိုလ်လောင်းဘဝမှ စတင်၍ လေ့ကျင့်ရန်လိုအပ်ပြီး ရောင့်ရဲတင်းတိမ်နိုင်သည့်စိတ်ဖြင့် လုပ်ငန်းတာဝန်ကို ကျေပွန်လိုစိတ်ဖြင့် တာဝန်ထမ်းဆောင်ရန်လိုကြောင်း။

ခေါင်းဆောင်မှုဆိုင်ရာ အနေဖြင့် ခေါင်းဆောင်မှုပညာရပ်သည် အလွန်အရေးကြီးပြီး အမိန့်နာခံတတ်မှု၊ စစ်စည်းကမ်းကောင်းမွန်မှုတို့နှင့် ပြည့်စုံသည့် နောက်လိုက်ကောင်းဖြစ်ခဲ့မှ သာလျှင် ခေါင်းဆောင်အဖြစ်သို့ ရောက်ရှိချိန်၌လည်း ပြည့်စုံကောင်းမွန်သည့် ခေါင်းဆောင်တစ်ဦး ဖြစ်လာနိုင်မည် ဖြစ်ကြောင်း၊ မိမိကွပ်ကဲမှုအောက်ရှိ အရာရှိ၊ စစ်သည်များအား ညီညွတ်မျှတမှု ရှိသည့် ခေါင်းဆောင်မှုပေးအပ်ရန် လိုအပ်ပြီး မိမိကိုယ်တိုင်အနေဖြင့်လည်း အမိန့်နှင့်ညွှန်ကြားချက်များ၊ စည်းကမ်းများကို လိုက်နာရန်လိုအပ်ကြောင်း၊ ခေါင်းဆောင်သည့်သူများက အတ္တစိတ်ဖြင့် တာဝန်ထမ်းဆောင်ပါက လက်အောက်ငယ်သားများ၏ယုံကြည်မှုကို ရရှိနိုင်မည် မဟုတ်ကြောင်း။

မိမိတပ်၏ မြေပြင်အခြေအနေမှန်ကို သိအောင်ဆောင်ရွက်ရန်လိုပြီး လက်အောက် စစ်သည်မိသားစုများ၏ စိတ်ဓာတ်ရေးရာ၊ လူနေမှုဘဝအခြေအနေများကိုသိအောင်ဆောင်ရွက်၍ လိုအပ်ချက်များကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးရန် လိုကြောင်း၊ စစ်သည်၊ မိသားစုများ၏ ဗဟုသုတကြွယ်ဝစေရန် စာအုပ်၊ စာပေများ ဖတ်စေချင်ပြီး ဗိုလ်လောင်းဘဝမှစကာ တတ်စွမ်းသမျှ မိမိကိုယ်ကို ကြိုးစားအားထုတ်ရန် လိုအပ်ကြောင်း၊ ဘွဲ့လွန်သင်တန်းများဖြစ်သော မဟာဘွဲ့သင်တန်း၊ ပါရဂူဘွဲ့သင်တန်းနှင့် ဘာသာစကားသင်တန်းများ အနေဖြင့်လည်း အချိန်၊ ငွေ၊ လုပ်အားများ များစွာရင်းနှီးမြှုပ်နှံထားသည့်အတွက် ကြိုးစားအားထုတ်ကြရန်နှင့် စည်းကမ်းနှင့်အညီ နေထိုင်သွားကြရန် မှာကြားလိုကြောင်း။

ကျန်းမာကြံ့ခိုင်ရေးနှင့်ပတ်သက်၍ အသက်အရွယ်အလိုက် သင့်လျော်သည့် အားကစားများကို လုပ်ဆောင်နေရန် လိုကြောင်း၊ အားကစားဆိုသည်မှာ စနစ်တကျ လုပ်ဆောင်ပါက တပ်မတော် စိတ်ဓာတ်ရေးရာမြင့်မားရေးတွင် များစွာ အထောက်အကူရသည်ဖြစ်၍ စနစ်တကျ လုပ်ဆောင်သွားရမည် ဖြစ်ကြောင်း၊ ကိုယ်ခန္ဓာနှင့်စိတ်ဓာတ်ကိုပါ ကျန်းမာကြံ့ခိုင်စေသည့် အားကစားပြိုင်ပွဲများကို အကျိုးရှိရှိ လိုက်ပါလုပ်ဆောင်ရန် လိုကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် နည်းပြများ၊ ဗိုလ်လောင်းများ၊ ဘွဲ့လွန်သင်တန်းသားများနှင့် အရာရှိ၊ စစ်သည်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

❖ **Agri Tech Cambodia 2026 မှ**

စီးပွားရေးလုပ်ငန်းရှင်များ၊ ဝယ်ယူသူများနှင့် မိတ်ဆက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုကဲ့သို့ နိုင်ငံတကာကုန်စည်ပြပွဲတွင် ပါဝင်ပြသခြင်းသည် မြန်မာနိုင်ငံမှတောင်သူများနှင့် အသင်းဝင်များ၏ ထုတ်ကုန်များအတွက် နိုင်ငံတကာ ဈေးကွက်လမ်းကြောင်းသစ်များ ပွင့်လင်းလာစေရန်၊ နိုင်ငံတကာကုမ္ပဏီများနှင့် တိုက်ရိုက်ချိတ်ဆက်နိုင်ရန်နှင့် စိုက်ပျိုးရေးနည်းပညာနှင့် ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များရရှိနိုင်ရန် ရည်ရွယ်ကြောင်း သိရသည်။

ထို့ပြင်အသင်းဝင်များ၏ ထုတ်ကုန်အမှတ်တံဆိပ် (Brand Value) မြှင့်တင်နိုင်စေရန် ရည်ရွယ်၍ ယခုကဲ့သို့ နိုင်ငံတကာကုန်စည်ပြပွဲများတွင် အသင်းမှ တက်ကြွစွာဆောင်ရွက်လျက်ရှိကြောင်း MFVP မှ သိရသည်။ ဆက်လက်၍ နိုင်ငံတကာဈေးကွက်တွင် ပိုမိုယှဉ်ပြိုင်နိုင်ရေးအတွက် နိုင်ငံတကာကုန်စည်ပြပွဲများ၌ ဆက်လက်ပါဝင်ပြသသွားရန် MFVP က ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**MT**


# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ထိုင်းနိုင်ငံအမျိုးသားလုံခြုံရေးကောင်စီ အတွင်းရေးမှူးချုပ်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၇**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် ထိုင်းနိုင်ငံ အမျိုးသားလုံခြုံရေး ကောင်စီအတွင်းရေးမှူးချုပ် Mr. Chatchai Bangchuad ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ အမျိုးသားလုံခြုံရေးကောင်စီ အတွင်းရေးမှူးချုပ်နှင့် အတူ ဒုတိယအတွင်းရေးမှူးချုပ်၊ ထိုင်းဘုရင့်တပ်မတော် ဒုတိယစစ်ဦးစီးချုပ်နှင့် ထိုင်းနိုင်ငံမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် (၉)ကြိမ်မြောက် ထိုင်း-မြန်မာတပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများ ကော်မတီ ($9^{th}$ High Level Committee -$9^{th}$ HLC) အစည်းအဝေးကို ထိုင်းနိုင်ငံတွင် အောင်မြင်စွာကျင်းပဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေများ၊ နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ပြီး နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာများကို အောင်မြင်စွာဆောင်ရွက်သွားမည့် အခြေအနေများ၊ နယ်စပ်ကုန်သွယ်ရေးဆိုင်ရာကိစ္စရပ်များ၊ အွန်လိုင်းလိမ်လည် လောင်းကစားမှုနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ထိရောက်စွာ တားဆီးနှိမ်နင်းနေသည့် အခြေအနေများ၊ အွန်လိုင်းလိမ်လည်မှုတွင် ပါဝင်ပတ်သက်သူများ၏ ၉၉ ရာခိုင်နှုန်းကျော်သည် တရားမဝင်နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာသူများဖြစ်၍ နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်နှစ်ရပ်အကြား ပိုမိုတိုးမြှင့်ပူးပေါင်းဆောင်ရွက်ကာ တားဆီးဆောင်ရွက်သွားမည့်အခြေအနေများ၊ လက်နက်ခဲယမ်း၊ မူးယစ်ဆေးဝါးနှင့် ထိန်းချုပ်ဓာတုပစ္စည်းများ တရားမဝင်သယ်ဆောင် ရောင်းဝယ်ဖောက်ကားမှုတားဆီးထိန်းချုပ်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသနေပြည်သူများ တည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် လုံခြုံရေးဆိုင်ရာအပြည့်အဝပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ အပြန်အလှန်ပေးပို့ ဖလှယ်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ခိုင်မာအောင် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ထိုင်းနိုင်ငံအမျိုးသားလုံခြုံရေးကောင်စီ အတွင်းရေးမှူးချုပ် Mr. Chatchai Bangchuad အား လက်ခံတွေ့ဆုံစဉ်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းနိုင်ငံအမျိုးသား လုံခြုံရေးကောင်စီ အတွင်းရေးမှူးချုပ်တို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

**နေပြည်တော် ဩဂုတ် ၂၇**

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အနုပညာရှင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများတက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိတိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍နေ့မအားညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့် လည်းကောင်း၊ အတီး၊ အမှုတ်၊ အကအခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ထို့နောက် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၇**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ (၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ဆက်လက်ကျင်းပသည်။

ဦးစွာ ကာလပေါ်တေးအဆိုပြိုင်ပွဲ(အမျိုးသား)ကို ပြိုင်ပွဲဝင် ၁၅ ဦးက စာဆိုစစ်သည် တေးသီချင်းဖြင့် လည်းကောင်း၊ ကာလပေါ်တေးအဆိုပြိုင်ပွဲ(အမျိုးသမီး)ကို ပြိုင်ပွဲဝင် ၂၂ ဦးက တောင်တန်းပြာနဲ့စစ်စခန်း တေးသီချင်းဖြင့်လည်းကောင်း သီဆိုယှဉ်ပြိုင်ကြသည်။

မွန်းလွဲပိုင်းတွင် ခေတ်ပေါ်တေးအဆိုပြိုင်ပွဲ (အမျိုးသား)ကို ပြိုင်ပွဲဝင် ၁၅ ဦးက သူရဲကောင်းအဓိပ္ပာယ်များ သီချင်းဖြင့် လည်းကောင်း၊ ခေတ်ပေါ်တေးအဆိုပြိုင်ပွဲ (အမျိုးသမီး)ကို ပြိုင်ပွဲဝင် ၂၂ ဦးက ရှူးရှူးမိုက်မိုက်အချစ်သီချင်းဖြင့် လည်းကောင်း သီဆိုယှဉ်ပြိုင်ကြသည်။

ညပိုင်းတွင် နယ်လှည့်ပြည်သူ့ဆက်ဆံရေး တပ်ခွဲများကအငြိမ့်နှင့် ပြဇာတ်များကို ပါဝင်ကပြယှဉ်ပြိုင်ခဲ့ကြသည်။ အဆိုပါ ပြိုင်ပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်အဖွဲ့ အနုပညာရှင်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ပြိုင်ပွဲဝင် စစ်သည်၊ စစ်သမီးများ၊ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




**○ နေရာစိပ်စိပ်မှ**

တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်ထားသည်။

**မိုး/ဇလ**

## ၂၀၂၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်လျှောက်လွှာများ စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်အတွင်း တင်သွင်းကြရမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**
**သတင်းကြေညာချက်**
**၂၀၂၆-ခုနှစ်၊ ဩဂုတ်လ(၂၈)ရက်**

၁။ ၂၀၂၇-ခုနှစ်တွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲနှင့်ပတ်သက်၍ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများ သိရှိနိုင်ရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

၂။ ၂၀၂၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်လျှောက်လွှာတစ်စောင်လျှင် (၅၀ဝိ/-)နှင့် စာမေးပွဲဝင်ကြေး အတွက်(၂၀ဝဝိ/-)တန်ဖိုးရှိ ပညာရေးဝန်ကြီးဌာန ငွေသွင်းတံဆိပ်ခေါင်းတို့ကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတွင်၂၀၂၆ ခုနှစ် စက်တင်ဘာလ(၁)ရက်နေ့မှစ၍ ရောင်းချပေးမည်ဖြစ်ပါသည်။

၃။ စာမေးပွဲဖြေဆိုခွင့် လျှောက်လွှာတင်သွင်းရာ၌ ဖြေဆိုမည့် ဘာသာတွဲအလိုက် အစိမ်းရောင်၊ ပန်းရောင် ဖြေဆိုခွင့် လျှောက်လွှာ ကတ်ပြားပုံစံဖြင့် အရောင်နှစ်မျိုး ခွဲခြားသတ်မှတ်ထားပါသည်။

၄။ ပြင်ပဖြေဆိုရန် လျှောက်လွှာတင်သွင်းသူများ၏ စာမေးပွဲဝင်ကြေးအတွက် သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံး များတွင် စာမေးပွဲဝင်ကြေး(၂၀ဝဝိ/-)တန် ငွေသွင်းတံဆိပ်ခေါင်းများ ဝယ်ယူပြီး ဝင်ခွင့်လျှောက်လွှာ၏ လက်ဝဲဘက် ထိပ်ပိုင်းတွင်ကပ်၍ မိမိတို့အမှန်တကယ်နေထိုင်သည့် မြို့နယ်ပညာရေးမှူးရုံးတွင် ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ(၁) ရက်နေ့မှ စက်တင်ဘာလ(၃၀)ရက်နေ့အတွင်း တင်သွင်းကြရမည်ဖြစ်ပါသည်။

၅။ အခြေခံပညာအထက်တန်းကျောင်းများ၊ ကျောင်းခွဲများ၊ တွဲဖက်ကျောင်းများ၊ တွဲဖက်ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ဖြေဆိုရန် လျှောက်လွှာတင်သွင်းမည့် ကျောင်းသား၊ ကျောင်းသူ များ၏ စာမေးပွဲဝင်ကြေးအတွက် ကျောင်းအုပ်ကြီးများသည် စာမေးပွဲဝင်ကြေး(၂၀ဝဝိ/-)ကျပ်တန် ငွေသွင်း တံဆိပ်ခေါင်းများဝယ်ယူပြီး လျှောက်လွှာတစ်စောင်ချင်းတွင်ကပ်၍ စုပေါင်းပြီး မြို့နယ်ပညာရေးမှူးရုံးမှတစ်ဆင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသို့ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ(၁)ရက်နေ့မှ စက်တင်ဘာလ(၃၀) ရက်နေ့အတွင်း သတ်မှတ်ရက်အမီ တင်သွင်းကြရမည်ဖြစ်ပါသည်။

၆။ သတ်မှတ်ထားသောရက်များအတွင်း အချိန်မီပေးပို့ခြင်းမရှိသူများသည် စာမေးပွဲဖြေဆိုခွင့်ရရှိကြမည် မဟုတ်ကြောင်းနှင့် စာဖြေသူတင်သွင်းသည့် စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာနှင့် ကတ်ပြားတွင် ဖော်ပြပါရှိသည့် ဘာသာတွဲမှအပ အခြားဘာသာတွဲသို့ ပြောင်းလဲဖြေဆိုခွင့်ပြုမည် မဟုတ်သဖြင့် မိမိဖြေဆိုမည့် ဘာသာတွဲအလိုက် ပုံစံများမှန်ကန်မှု ရှိ-မရှိ သေချာစွာစစ်ဆေးပြီး မှန်ကန်စွာဖြည့်စွက်ပေးပို့ကြရန်ဖြစ်ကြောင်း သတိပြုစေလိုပါသည်။

၇။ လျှောက်လွှာပုံစံများနှင့် ငွေသွင်းတံဆိပ်ခေါင်းများကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၅၂)၊ နေပြည်တော်နှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၊ ရန်ကုန်(ရုံးခွဲ)၊ ပါရမီလမ်း၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

## စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်လျှောက်လွှာများ စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်အတွင်း တင်သွင်းကြရမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**
**သတင်းကြေညာချက်**
**၂၀၂၆-ခုနှစ်၊ ဩဂုတ်လ(၂၈)ရက်**

၁။ ၂၀၂၇-ခုနှစ်တွင် ကျင်းပမည့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲနှင့် ပတ်သက်၍ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများ သိရှိနိုင်ရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

၂။ ၂၀၂၇-ခုနှစ်၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်လျှောက်လွှာ တစ်စောင်လျှင်(၅၀ဝိ/-)နှင့် စာမေးပွဲဝင်ကြေးအတွက် (၂၀ဝဝိ/-)တန်ဖိုးရှိ ပညာရေးဝန်ကြီး ဌာန ငွေသွင်းတံဆိပ်ခေါင်းတို့ကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတွင်၂၀၂၆ ခုနှစ် စက်တင်ဘာလ ( ၁ )ရက်နေ့မှစ၍ ရောင်းချပေးမည်ဖြစ်ပါသည်။

၃။ စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာတင်သွင်းရာ၌ အပြာရောင်ဖြေဆိုခွင့်လျှောက်လွှာ၊ ကတ်ပြားပုံစံ၌ ဖြေဆိုမည့် ဘာသာတွဲကို ရွေးချယ်ဖော်ပြရမည်ဖြစ်ပါသည်။

၄။ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အခြေခံပညာအထက်တန်းကျောင်းများမှ စာမေးပွဲ ဖြေဆိုရန် လျှောက်လွှာတင်သွင်းမည့် ကျောင်းသား၊ ကျောင်းသူများ၏ စာမေးပွဲဝင်ကြေး အတွက် ကျောင်းအုပ်ကြီးများသည် စာမေးပွဲဝင်ကြေး(၂၀ဝဝိ/-)ကျပ်တန် ငွေသွင်း တံဆိပ်ခေါင်းများဝယ်ယူပြီး လျှောက်လွှာတစ်စောင်ချင်းတွင်ကပ်၍ မြို့နယ်ပညာရေးမှူး ရုံးမှတစ်ဆင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသို့ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ(၁)ရက်နေ့မှ စက်တင်ဘာလ (၃၀)ရက်နေ့အတွင်း တင်သွင်းကြရမည်ဖြစ်ပါသည်။

၅။ သတ်မှတ်ရက်အတွင်း အချိန်မီပေးပို့ခြင်းမရှိသူများသည် စာမေးပွဲဖြေဆိုခွင့်ရရှိကြမည် မဟုတ်ကြောင်းနှင့် စာဖြေသူတင်သွင်းသည့် စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာနှင့် ကတ်ပြား တွင် ဖော်ပြပါရှိသည့် ဘာသာတွဲမှအပ အခြားဘာသာတွဲသို့ ပြောင်းလဲဖြေဆိုခွင့်ပြုမည် မဟုတ်သဖြင့် မိမိဖြေဆိုမည့်ဘာသာတွဲအလိုက် ပုံစံများမှန်ကန်မှု ရှိ-မရှိ သေချာစွာစစ်ဆေးပြီး မှန်ကန်စွာ ဖြည့်စွက်ပေးပို့ကြရန် ဖြစ်ကြောင်း သတိပြုစေလိုပါသည်။

၆။ လျှောက်လွှာပုံစံများနှင့် ငွေသွင်းတံဆိပ်ခေါင်းများကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၅၂)၊ နေပြည်တော်နှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၊ ရန်ကုန်(ရုံးခွဲ)၊ ပါရမီလမ်း၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

## တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)၌ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ လေ့လာ

**နေပြည်တော် ဩဂုတ် ၂၇**

ကျောင်းသား လူငယ်များ မျိုးချစ်စိတ် ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် မြန်မာနိုင်ငံတော်သမိုင်းနှင့် တပ်မတော်သမိုင်း အစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲ လေ့လာနိုင်စေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ဇေယျာသီရိ မြို့နယ် အခြေခံပညာအလယ်တန်းကျောင်းခွဲ (ကြို့ပင်ဆိပ်)မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများ နှင့် ဆရာ ဆရာမများသည် မြန်မာ့ တပ်မတော် သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။



ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်၏ သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများသည် တပ်မတော် (ကြည်း၊ ရေ၊ လေ) နှင့် လက်ရုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ပြခန်းများ ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော်(ကြည်း) ပြင်ပပြကွက်တွင် ဒုတိယကမ္ဘာစစ်နှင့် စစ်ပြီးကာလတို့တွင် အသုံးပြုခဲ့သော အမြောက်နှင့် သံချပ်ကာများ၊ တပ်မတော်(ရေ) ပြင်ပပြကွက်တွင် စစ်ရေယာဉ် ပုံစံတူများနှင့် အမြောက်များ၊ တပ်မတော်(လေ)ပြင်ပပြကွက်တွင် ခေတ်အဆက်ဆက်အသုံးပြုခဲ့သော တပ်မတော် လေယာဉ်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြကြောင်း သိရသည်။

ထို့ပြင် လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များကို မှန်ကန်စွာ ဖြေဆိုနိုင်သည့် ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ဆုအဖြစ်ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## MBE နှင့် YOUTH International Collegeတို့ MoU လက်မှတ်ရေးထိုး

**ရန်ကုန် ဩဂုတ် ၂၇**

မြန်မာစီးပွားစီမံအမှုဆောင်များအသင်း (MBE) နှင့် YOUTH International College (YIC) တို့အကြား ပညာရေးနှင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးအတွက် နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးပွဲကို ဩဂုတ် ၂၆ ရက်က ရန်ကုန်မြို့၌ ကျင်းပသည်။

MoU လက်မှတ်ရေးထိုးရာတွင် MBE အသင်းကိုယ်စား ဒုတိယဥက္ကဋ္ဌ (၂) ဒေါ်မင်းမင်းမဠူနှင့် အထွေထွေအတွင်းရေးမှူး ဦးသိန်းဦးတို့ကလည်းကောင်း၊ YOUTH International College ကိုယ်စား Founder & CEO Dr. ဇော်လင်းနှင့် Co-founder & Director Dr. ယဉ်သူအေးတို့ကလည်းကောင်း လက်မှတ်ရေးထိုးခဲ့ကြသည်။ အဆိုပါ MoU အရ နှစ်ဖက်အဖွဲ့အစည်းများအနေဖြင့် Exchange of students, Joint teaching activities, Internship opportunities for students, Jointly promoting and developing Myanmar Small and Medium Enterprise Programs, Visits by, and exchanges of, scholars, teachers, and resource persons, Jointly organizing business plan contests, matchings, and networking Sessions, Jointly supporting CSR Activities လုပ်ငန်း ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းတို့ကိုလည်း အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ MoU လက်မှတ်ရေးထိုးမှုမှတစ်ဆင့် လုပ်ငန်းနယ်ပယ်များတွင် နှစ်ဖက်အဖွဲ့အစည်းများအကြားနှင့် မိမိတို့၏ အဖွဲ့အစည်းဝင်များအကြား အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ **MT**




# စမတ်ဂရစ် (Smart Grid) ရင်ခုန်သံနှင့် မြန်မာ့လျှပ်စစ်စွမ်းအင်ကဏ္ဍ၏ ခြေလှမ်းသစ်များ

**ယနေ့ခေတ်တွင် လျှပ်စစ်စွမ်းအင်သည် ပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော ကျန်းမာရေး၊ ပညာရေးအပါအဝင် နေ့စဉ်လူနေမှုဘဝ၊ စက်မှုလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍများနှင့် ဒီဂျစ်တယ်နည်းပညာအခြေပြုဝန်ဆောင်မှုလုပ်ငန်းများအတွက် မရှိမဖြစ်လိုအပ်သော အခြေခံအရင်းအမြစ်တစ်ခုဖြစ်ပါသည်။**

**သတင်းဆောင်းပါး - Smart Team**

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှု၊ ရင်းနှီးမြှုပ်နှံမှုတိုးချဲ့နိုင်မှု၊ လူမှုဘဝအရည်အသွေး မြင့်မားလာမှုနှင့် စက်မှုနည်းပညာ ဖွံ့ဖြိုးတိုးတက်မှုတို့သည် ယုံကြည်စိတ်ချရပြီး ထိရောက်သော လျှပ်စစ်ဓာတ်အားစနစ်တစ်ခုအပေါ် များစွာမူတည်လျက်ရှိပါသည်။ ထို့ကြောင့် လျှပ်စစ်ဓာတ်အားကဏ္ဍ၏ လုံခြုံစိတ်ချရမှု၊ ထိရောက်မှု၊ တည်ငြိမ်မှုနှင့် ရေရှည်တည်တံ့နိုင်မှုတို့ကို မြှင့်တင်နိုင်ရေးသည် ယနေ့ခေတ်စွမ်းအင်ကဏ္ဍ၏ အဓိကဦးတည်ချက်တစ်ရပ် ဖြစ်လာခဲ့ပါသည်။






အဝေးမှ ကြည့်ရှုကွပ်ကဲနိုင်သည့် အလိုအလျောက် ထိန်းချုပ်မှုစနစ်
SCADA (Supervisory Control and Data Acquisition)

ကမ္ဘာတစ်ဝန်းတွင် လူဦးရေတိုးပွားလာခြင်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်လာခြင်း၊ စက်မှုလုပ်ငန်းများ တိုးချဲ့လာခြင်း၊ လျှပ်စစ်မော်တော်ယာဉ် ( EVs) အသုံးပြုမှုမြင့်တက်လာခြင်းနှင့် AI နည်းပညာ ဖွံ့ဖြိုးလာမှုနှင့်အတူ ဒေတာစင်တာများကဲ့သို့ လျှပ်စစ်ဓာတ်အား အလွန်လိုအပ်သောလုပ်ငန်းများ ပိုမိုများပြားလာခြင်းတို့ကြောင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်သည် နှစ်စဉ်တိုးတက်လျက်ရှိပါသည်။

တစ်ဖက်တွင်လည်း ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးနှင့် သန့်ရှင်းသောစွမ်းအင်သို့ ကူးပြောင်းရေးမူဝါဒများအရ နေရောင်ခြည်စွမ်းအင်၊ လေစွမ်းအင်နှင့် အခြားပြန်ပြည့်မြဲစွမ်းအင်များကို ပိုမိုကျယ်ပြန့်စွာ အသုံးပြုလာကြသည်။ ယင်းအခြေအနေများသည် လျှပ်စစ်ဓာတ်အား ကွန်ရက်များအတွက် လိုအပ်ချက်အသစ်များနှင့် စိန်ခေါ်မှုအသစ်များကို တစ်ပြိုင်နက်တည်း ဖြစ်ပေါ်စေလျက်ရှိပါသည်။

**သမားရိုးကျ လျှပ်စစ်ဓာတ်အားလိုင်းများ** ဆိုသည်မှာ ဗဟိုပြုထားသည့် ဓာတ်အားပေးစက်ရုံကြီးများ (ဥပမာ - ရေအားလျှပ်စစ်စက်ရုံများ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေးသုံးစက်ရုံကြီးများ၊ နျူကလီးယားဓာတ်အားပေးစက်ရုံကြီးများ) မှ ထုတ်လုပ်ပြီး မြို့ပြနှင့် ကျေးရွာများရှိ သုံးစွဲသူများဆီသို့ တာဝါတိုင်များနှင့် ကြိုးလိုင်းများမှ တစ်ဆင့် ပို့လွှတ်ဖြန့်ဖြူးပေးသည့် သမားရိုးကျ လျှပ်စစ်ဓာတ်အားကွန်ရက်စနစ် ဖြစ်ပါသည်။ တစ်နည်းအားဖြင့် **တစ်ဖက်သတ်စီးဆင်းမှု** ဟု ခေါ်ဆိုနိုင်သည့် ဓာတ်အားပေးစက်ရုံများမှ သုံးစွဲသူဆီသို့ လျှပ်စစ်မီးကို တစ်ဖက်သတ် ပို့လွှတ်ပေးခြင်းဖြစ်ပြီး သုံးစွဲသူများဘက်မှ မီးသုံးစွဲမှုအခြေအနေများကို စက်ရုံများက ပြန်လည်မသိရှိနိုင်ပါ။

ဓာတ်အားထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုကို ပို့လွှတ်သည့်နေရာမှသာ ထိန်းချုပ်စီမံနိုင်ခြင်းဖြစ်ပါသည်။ ဓာတ်အားလိုင်းများ ပျက်စီးခြင်း သို့မဟုတ် ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပေါ်လာသည့်အခါ သုံးစွဲသူများ၏သတင်းပို့ချက် သို့မဟုတ် ဝန်ထမ်းများ သွားရောက်စစ်ဆေးမှုသာသိရှိနိုင်ပြီး ပြုပြင်ရန် အချိန်ကြန့်ကြာတတ်ပါသည်။

**စမတ်ဂရစ် (Smart Grid)** ဆိုသည်မှာ ခေတ်မီ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ၊ အလိုအလျောက်ထိန်းချုပ်ရေးနည်းပညာ၊ အင်တာနက်ချိတ်ဆက်ထားသော ပစ္စည်းကိရိယာများကွန်ရက်၊ ဉာဏ်ရည်မြင့် အာရုံခံကိရိယာများနှင့် ဒီဂျစ်တယ်ဆက်သွယ်ရေးကွန်ရက်များကို ပေါင်းစပ်အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် သုံးစွဲခြင်းလုပ်ငန်းစဉ်တစ်လျှောက်လုံးကို အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်၊ ထိန်းချုပ်၊ ခွဲခြမ်းစိတ်ဖြာကာ စီမံခန့်ခွဲနိုင်သည့် ခေတ်မီလျှပ်စစ်ဓာတ်အား ကွန်ရက်စနစ်တစ်ခုဖြစ်ပါသည်။ Smart Grid တွင် လျှပ်စစ်စွမ်းအင်နှင့်ဆက်စပ်လျက်ရှိသည့် သတင်းအချက်အလက်များကိုလည်း နှစ်လမ်းသွားဖြင့် အပြန်အလှန် ချိတ်ဆက်ဖလှယ်နိုင်သောကြောင့် ဝန်ဆောင်မှု ဆောင်ရွက်ပေးသောအဖွဲ့များနှင့် သုံးစွဲသူများအကြား ချိတ်ဆက်ဆောင်ရွက်မှုကို ပိုမိုထိရောက်စေရုံသာမက လျှပ်စစ်ဓာတ်အားကို ပိုမိုဘေးကင်းလုံခြုံစွာ၊ စွမ်းဆောင်ရည်မြင့်မားစွာဖြင့် ဖြန့်ဝေပေးနိုင်ပါသည်။

**စမတ်ဂရစ် ပေါ်ပေါက်လာပုံ**မှာ သမားရိုးကျ လျှပ်စစ်ဓာတ်အားလိုင်းများကို ၁၉ ရာစု - ၂၀ ရာစု ကတည်းကစတင်ခဲ့ပြီး ၂၀ ရာစုနှောင်းပိုင်းသို့ ရောက်လာသောအခါ လူဦးရေတိုးပွားလာခြင်း၊ စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာခြင်းတို့ကြောင့် သမားရိုးကျဓာတ်အားလိုင်းများသည် ဝန်အားမနိုင်တော့ဘဲ ဓာတ်အားပြတ်တောက်မှုများ မကြာခဏ ဖြစ်ပေါ်လာပြီး စွမ်းအင်ဆုံးရှုံးမှုများလည်း ကြီးမားလာခဲ့ပါသည်။

၁၉၇၀ နှင့် ၁၉၈၀ ပြည့်လွန်နှစ်များတွင် ကွန်ပျူတာနည်းပညာနှင့် အီလက်ထရောနစ်နည်းပညာများဖွံ့ဖြိုးလာသည်နှင့်အမျှ ဓာတ်အားပေးစက်ရုံများတွင် **SCADA (Supervisory Control and Data Acquisition)** ဟုခေါ်သော အဝေးမှ ကြည့်ရှုကွပ်ကဲနိုင်သည့် အလိုအလျောက် ထိန်းချုပ်မှုစနစ်များကို စတင်အသုံးပြုလာကြသည်။

ဤအချက်သည် လျှပ်စစ်ကွန်ရက်ကို ဒီဂျစ်တယ်စနစ်ဆီသို့ ကူးပြောင်းစေသည့် ပထမဆုံးသောခြေလှမ်းတစ်ရပ်ဖြစ်လာခဲ့သည်။ **၂၀၀၃ ခုနှစ် ဝန်းကျင်**တွင် အမေရိကန်နိုင်ငံ၌ လျှပ်စစ်ကွန်ရက်များ၏ အားနည်းချက်ကြောင့် ကြီးမားသော ဓာတ်အားပြတ်တောက်မှုကြီးများ ဖြစ်ပွားခဲ့ပြီးနောက် လျှပ်စစ်စွမ်းအင်လုံခြုံရေးနှင့်ပတ်သက်၍ စိုးရိမ်မှုများမြင့်တက်လာခဲ့သည်။ ဤပြဿနာများကို ဖြေရှင်းရန်အတွက် သတင်းအချက်အလက်နည်းပညာ (IT) နှင့် လျှပ်စစ်ဓာတ်အားလိုင်းများကို အလုံးစုံပေါင်းစပ်ပေးမည့် **"Smart Grid" (ဉာဏ်ရည်မြင့်လျှပ်စစ်ဓာတ်အားကွန်ရက်)** ဟူသော ဝေါဟာရနှင့် အယူအဆကို အမေရိကန်နှင့် ဥရောပနိုင်ငံများတွင် တရားဝင်စတင်ဖော်ထုတ်ခဲ့ကြပြီး ယခုအချိန်တွင် ဖွံ့ဖြိုးပြီးကမ္ဘာ့နိုင်ငံအများအပြား၌ တွင်တွင်ကျယ်ကျယ် အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

**Smart Grid ၏ အကျိုးကျေးဇူး** - လျှပ်စစ်စွမ်းအင်များ အလဟဿ ဆုံးရှုံးမှုမရှိစေရန် စမတ်ဂရစ်စနစ်သည် အချိန်နှင့်တစ်ပြေးညီ ထိန်းချုပ်ပေးနိုင်ပါသည်။ ဓာတ်အားထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုကို လိုအပ်ချက်နှင့်အညီ တိကျစွာချိန်ညှိပေးနိုင်သောကြောင့် စွမ်းအင်ကို ထိရောက်စွာအသုံးချနိုင်မှုကို အမြင့်မားဆုံးရရှိစေနိုင်ပါသည်။

ဓာတ်အားလိုင်းများတွင် ချို့ယွင်းချက် သို့မဟုတ် ဓာတ်အားပြတ်တောက်မှုတစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက Sensor များနှင့် Monitoring System များကို အသုံးပြုထားသဖြင့် Control Center မှ ချက်ချင်းသိရှိနိုင်ပြီး ပြုပြင်ထိန်းသိမ်းရေးအဖွဲ့များကို အချိန်မီစေလွှတ်နိုင်သည်။ လူအင်အား သို့မဟုတ် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းစရာမလိုဘဲ ပျက်စီးနေသည့်လမ်းကြောင်းကို အလိုအလျောက် ဖြတ်တောက်ကာ အခြားလမ်းကြောင်းမှတစ်ဆင့် ဓာတ်အား ဆက်လက်ပို့လွှတ်ပေးနိုင်ခြင်းကြောင့် ဓာတ်အားပြတ်တောက်ချိန်ကို လျှော့ချနိုင်ပြီး ဝန်ဆောင်မှုအရည်အသွေးကို မြှင့်တင်နိုင်သည်။

နေရောင်ခြည်စွမ်းအင်နှင့် လေအားလျှပ်စစ်ကဲ့သို့သော ရာသီဥတုအပေါ်မူတည်ပြီး ပြောင်းလဲမှုရှိသည့်သဘာဝစွမ်းအင်များကိုသမားရိုးကျဓာတ်အားကွန်ရက်စနစ်ထဲသို့ တိုက်ရိုက်ထည့်သွင်းရန် ခက်ခဲသော်လည်း စမတ်ဂရစ်စနစ်က ၎င်းတို့ကို တည်ငြိမ်စွာ ရောစပ်ပေးနိုင်ပါသည်။ ယင်းက နိုင်ငံတော်၏ စွမ်းအင်အရင်းအမြစ်များကို ပိုမိုကွဲပြားစုံလင်လာစေပြီး ရေရှည်တည်တံ့သည့် စွမ်းအင်လုံခြုံမှုကို တည်ဆောက်ပေးနိုင်ပါသည်။ ထို့ပြင် သုံးစွဲသူများသည် မိမိတို့၏ ဓာတ်အားသုံးစွဲမှုကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ပြီး မလိုအပ်သော သုံးစွဲမှုများကို လျှော့ချနိုင်သည်။

ယင်းကြောင့် လစဉ် လျှပ်စစ်မီတာခ ကုန်ကျစရိတ်များကို သက်သာစေပါသည်။ Smart Grid ဖော်ဆောင်ရန်အတွက် အဓိကကျသော အစိတ်အပိုင်းတစ်ခုမှာ Smart Meter များဖြစ်သည်။ Smart Meter များသည် သုံးစွဲသူများ၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှုကို အချိန်နှင့်တစ်ပြေးညီ တိုင်းတာပေးနိုင်ပြီး ဓာတ်အားအသုံးပြုမှုအခြေအနေများကို အလွယ်တကူ သိရှိနိုင်စေသည်။ ထို့အပြင် ဓာတ်အားပေးရေးကုမ္ပဏီများအနေဖြင့်လည်း ဓာတ်အားလိုအပ်ချက်များကို ပိုမိုတိကျစွာ ခန့်မှန်းနိုင်ပြီး ဓာတ်အားထုတ်လုပ်မှုကို ထိရောက်စွာစီမံခန့်ခွဲနိုင်သည်။

**Advanced Metering Infrastructure (AMI)** စနစ်သည် Smart Grid ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်ဖြစ်ပြီး ၎င်း၏ အဓိကအင်္ဂါရပ်မှာ Automated Meter Reading စနစ်ဖြစ်သည်။ ယခင်က လစဉ်မီတာဖတ်ခြင်းဖြင့်သာ သိရှိနိုင်ခဲ့သည့် လျှပ်စစ်အသုံးပြုမှုကို ယခုအခါ အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်နိုင်လာသည်။ Smart Meter များမှရရှိသော အချက်အလက်များကိုအသုံးပြု၍ ဝန်ဆောင်မှု ဆောင်ရွက်ပေးသော ကုမ္ပဏီများသည် အချိန်နှင့်တစ်ပြေးညီ ကောက်ခံထားသောဒေတာ (Real-time Data) နှင့် ယခင်ရှိနေသောအချက်အလက်များ (Historical Data)ကို နှိုင်းယှဉ်ခွဲခြမ်းနိုင်ပြီး ဝန်အားသုံးစွဲမှုပုံစံများ (Load Pattern) ကို ပိုမိုနားလည်နိုင်သည်။

ထို့ပြင် အချိန်မရွေးနှုန်းထားတူ (Flat Rate) ကောက်ခံခြင်းမဟုတ်ဘဲ လျှပ်စစ်ဓာတ်အားလိုအပ်ချက်အများဆုံးအချိန်နှင့် နည်းပါးချိန်ပေါ်မူတည်၍ ဈေးနှုန်းအတက်အကျ ပြုလုပ်ကောက်ခံခြင်း (**Dynamic Pricing**) စနစ်များကို အသုံးပြု၍ ဓာတ်အားအမြင့်ဆုံးသုံးစွဲမှုကို လျှော့ချနိုင်ပြီး **"အချိန်ပေါ်မူတည်၍ ဓာတ်အားခနှုန်းထားကို အတက်အကျ ပြောင်းလဲကောက်ခံသောစနစ် (Time-of-Use Rate)"** များဖြင့် စွမ်းအင်သုံးစွဲမှု အလေ့အထများကို လွှမ်းမိုးပြောင်းလဲနိုင်ပါသည်။

**အနာဂတ်မြန်မာ့လျှပ်စစ်စွမ်းအင်ကဏ္ဍသစ်ဆီသို့** - လက်ရှိမြန်မာနိုင်ငံတွင် သမားရိုးကျ ဓာတ်အားကွန်ရက်စနစ်များ၏ အားနည်းချက်ကြောင့် လျှပ်စစ်ဓာတ်အားပို့လွှတ်မှုနှင့် ဖြန့်ဖြူးရာလမ်းတစ်လျှောက် လျှပ်စစ်စွမ်းအင်များ အလဟဿ ဆုံးရှုံးနစ်နာမှုသည် မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍတွင် ကြီးမားသော စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်ပါသည်။ ထို့ပြင် လျှပ်စစ်ဓာတ်အား လိုအပ်ချက်တိုးတက်လာခြင်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်လာခြင်းနှင့် Renewable Energy စီမံကိန်းများ တိုးချဲ့လာခြင်းတို့ကြောင့် Smart Grid နည်းပညာသည် နိုင်ငံတော်၏အနာဂတ် ဓာတ်အားစနစ်အတွက် အကောင်းဆုံးသော အားကိုးရာစနစ်တစ်ခုဖြစ်ပါသည်။ **စာမျက်နှာ ၇ သို့** ✪

**❛လျှပ်စစ်ဓာတ်အား ခိုးယူသုံးစွဲမှုများနှင့် ဓာတ်အားပျောက်ဆုံးမှုများကို လုပ်ငန်းစဉ်တစ်လျှောက် စောင့်ကြပ်ကြည့်ရှုလာနိုင်၍ လျှပ်စစ်ကဏ္ဍတွင် ဝင်ငွေတိုးတက်ရရှိလာသဖြင့် တိုးချဲ့တည်ဆောက်ရမည့် စီမံကိန်းလုပ်ငန်းသစ်များ ပိုမိုအားကောင်းလာစေပြီး ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရာ၌လည်း အထောက်အကူဖြစ်လာနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် ဓာတ်အားပေးစက်ရုံများမှ ထုတ်လုပ်လိုက်သည့်စွမ်းအင်များကို အလဟဿမဖြစ်စေဘဲ သုံးစွဲသူပြည်သူများထံသို့ အပြည့်အဝ ပို့လွှတ်ပေးနိုင်မည်ဖြစ်ကာ နိုင်ငံတော်အတွက် ကြီးမားသောစွမ်းအင်နှင့် စီးပွားရေးတန်ဖိုးများကို ပြန်လည်ဆွတ်ခူးပေးနိုင်မည်ဖြစ်ပြီး သားရွှေအိုးထမ်းလာသည်ကို တွေ့မြင်ရခြင်းပင်ဖြစ်❜**

# စိမ်းလန်း၊ သန့်ရှင်း၊ ခေတ်မီပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုစနစ်နှင့် ကျန်းမာရေးစနစ် ကောင်းမွန်သော ကျေးရွာများ ဖော်ဆောင်သည့်အခါ သက်ဆိုင်ရာကဏ္ဍအလိုက် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်



**နေပြည်တော် ဩဂုတ် ၂၇**

စိမ်းလန်း၊ သန့်ရှင်း၊ ခေတ်မီပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုစနစ်နှင့် ကျန်းမာရေးစနစ် ကောင်းမွန်သော ကျေးရွာများ၊ ခေတ်မီစနစ်ကျသော စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်သည့်ကျေးရွာများ ဖော်ဆောင်သည့်အခါ ကော်မတီဝင်ဌာနများက သက်ဆိုင်ရာကဏ္ဍအလိုက် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက ယနေ့နံနက်ပိုင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည့် ကော်မတီ၏ ညှိနှိုင်းအစည်းအဝေးတွင် မှာကြားသည်။

အဆိုပါ အစည်းအဝေးကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမိုထိရောက်အောင်မြင်အောင် ညှိနှိုင်းဆောင်ရွက်နိုင်ရေးနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အတူတကွဆွေးနွေးညှိနှိုင်း အတည်ပြုနိုင်ရေး ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

အစည်းအဝေးတွင် တက်ရောက်လာကြသူများက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ အစည်းအဝေး (၁/၂၀၂၅) ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဘဏ္ဍာရေးနှစ်၊ လအလိုက် ဆောင်ရွက်ပြီးစီးမှု၊ လမ်း၊ တံတား၊ ရေပေးရေး၊ လျှပ်စစ်မီးလင်းရေး လုပ်ငန်းများ၊ စားရေရိက္ခာ ဖူလုံရေးဆိုင်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာလုပ်ငန်းများ၊ သွင်းအားစုနှင့် အရင်းမပျောက် ရန်ပုံငွေ ထူထောင်ပေးခြင်းဆိုင်ရာလုပ်ငန်းများ၊ လူမှုရေးကဏ္ဍဆိုင်ရာ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး ဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်မှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# မော်လမြိုင်မြို့နယ်၌ အာဟာရချက်ပြုတ်ပြိုင်ပွဲ ကျင်းပ

မော်လမြိုင် ဩဂုတ် ၂၇

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ အာဟာရချက်ပြုတ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စိုးစိုးအိက အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ပြိုင်ပွဲဝင်အသင်းများ၏ အာဟာရချက်ပြုတ်ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် ဂုဏ်ပြုဆုရရှိသူများအား တာဝန်ရှိသူများကဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**




**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

❂ စာမျက်နှာ ၆ မှ

လက်ရှိတွင် Smart Meter များ စတင်တပ်ဆင်ခြင်း၊ AMI System များ တိုးချဲ့တည်ဆောက်ခြင်း၊ SCADA နှင့် Distribution Automation စနစ်များ အဆင့်မြှင့်တင်ခြင်းတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတစ်ဝန်းလုံးအတွက် အပြည့်အဝ Digital Grid အဖြစ် ပြောင်းလဲနိုင်ရန် Communication Network များ၊ Data Concentrator Unit (DCU) များ၊ Meter Data Management System (MDMS) များနှင့် Control Center များကို အဆင့်ဆင့်တိုးချဲ့တည်ဆောက်သွားရန် စီမံနေပြီဖြစ်ပါသည်။

DCU များ တိုးချဲ့ဆောင်ရွက်မှုများကြောင့် Smart မီတာနှင့် DCU တို့ချိတ်ဆက်လာနိုင်ပြီး AMI စနစ်သို့ဝင်ရောက်ကာ Smart မီတာများနှင့် ဓာတ်အားသုံးစွဲသူများ၏ အချက်အလက်များရရှိပြီး ဓာတ်အားကွန်ရက်ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခြင်း၊ DCU ကွန်ရက်နှင့် အလှမ်းကွာဝေးသည့် Analog မီတာများကို စောင့်ကြည့်စစ်ဆေးနိုင်သည့် Digital စနစ်များ ဖော်ဆောင်ခြင်း၊ မတူညီသောစနစ်များကို တစ်ခုနှင့်တစ်ခု ချို့ယွင်းချက်မရှိဘဲ အချက်အလက်များ ဖလှယ်နိုင်ရန်နှင့် အတူတကွ တွဲဖက်လုပ်ဆောင်နိုင်ရန် အပြန်အလှန်ချိတ်ဆက်အသုံးပြုနိုင်ရေးကို စီစဉ်လျက်ရှိခြင်း၊ မြို့ပြဒေသများသာမက ကျေးလက်ဒေသများအထိ ဒီဂျစ်တယ်လျှပ်စစ်ဝန်ဆောင်မှုများကို ပိုမိုထိရောက်စွာ ဆောင်ရွက်ခြင်းဖြင့် လျှပ်စစ်ဓာတ်အားစနစ်ကို ခေတ်မီဒီဂျစ်တယ်စနစ်သို့ အဆင့်လိုက်ကူးပြောင်းရန် အလေးထားစီမံဆောင်ရွက်လျက်ရှိပါသည်။

လက်ရှိတွင် နေ့လယ်ပိုင်းရုံးလုပ်ငန်းများ ဆောင်ရွက်သည့်အချိန်များနှင့် ညနေပိုင်း သို့မဟုတ် လူတိုင်းအိမ်ပြန်ရောက်ပြီး လျှပ်စစ်ပစ္စည်းများ (ထမင်းပေါင်းအိုး၊ မီးဖို၊ အဝတ်လျှော်စက်စသည်တို့)ကို တစ်ပြိုင်နက်တည်း အများဆုံးအသုံးပြုကြသည့်အချိန်များတွင် ဓာတ်အားပေးစနစ်၌ ဝန်ပိမှုများပြားလာခြင်း (**Peak Hours** – ဓာတ်အားသုံးစွဲမှု အထွတ်အထိပ်အချိန်)၊ ညဉ့်နက်ပိုင်း သို့မဟုတ် နံနက်စောစောပိုင်းကဲ့သို့ လူအများ ဓာတ်အားသုံးစွဲမှုအလွန်နည်းပါးပြီး ဓာတ်အားပိုလျှံနေသည့်အချိန်များ (**Off–Peak Hours** – ဓာတ်အားသုံးစွဲမှုနည်းပါးသည့်အချိန်)တွင် လျှပ်စစ်ဓာတ်အား မတည်ငြိမ်မှုများဖြစ်ပေါ်လာပြီး ဓာတ်အားဖြတ်တောက်ရမှုများ၊ အသုံးပြုသည့် လျှပ်စစ်ပစ္စည်းဆုံးရှုံးပျက်စီးမှုများ ဖြစ်ပေါ်လျက်ရှိရာ ယင်းအခက်အခဲများကို လျော့ကျသွားစေရန်အတွက် Digital နည်းပညာအသုံးပြုသည့် ပထမခြေလှမ်းကို မြန်မာ့လျှပ်စစ်ဓာတ်အားစနစ်အနေဖြင့် စတင်လှမ်းလျှောက်နိုင်ခဲ့ပြီဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်စက်ရုံများသည် ဝန်အားနည်းပါးသည့်အချိန်တွင် ရေကိုစုဆောင်းထားရှိပြီး ဝန်အားများပြားသည့်အချိန်တွင် ဝင်ရောက်မောင်းနှင်ပေးရပါသည်။ မိုးရာသီတွင် ရေလှောင်တမံအသုံးပြုသည့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများသည် အမြင့်ဆုံးဝန်အား (ဝန်အားပြည့်)ဖြင့် အချိန်ပြည့်မောင်းနှင်ပေးနေသည့်တိုင်အောင် ရေပိုလျှံမှ ရေများပိုလျှံမှုကြောင့် စွမ်းအင်များ အလဟဿဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။

ထို့ကြောင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် လျှပ်စစ်ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ရန် ရည်ရွယ်ကာ AMI စနစ်ကိုအသုံးပြု၍ နေ့လယ်ပိုင်းဝန်အား သုံးစွဲမှုများပြားသည့် စက်မှုလုပ်ငန်းကြီးများကို ဓာတ်အားခလျှော့ချပေးပြီး ညပိုင်းအချိန်များသို့ ပြောင်းရွှေ့ဓာတ်အားသုံးစွဲနိုင်မည့် အစီအစဉ်ကို ၁၉-၈-၂၀၂၆ ရက်နေ့မှစတင်ဆောင်ရွက်ခဲ့ရာ အောက်ပါအကျိုးကျေးဇူးများရရှိခဲ့ပါသည်-

(၁) နေ့စဉ်တမံများတွင် ရေလျှံမှုကြောင့် ဖြစ်ပေါ်နေသည့် စွမ်းအင်ဆုံးရှုံးမှုများကို လျှပ်စစ်စွမ်းအင်အဖြစ် ပြောင်းလဲထုတ်လုပ်နိုင်သည့်အတွက် နိုင်ငံတော်အတွက် ဝင်ငွေတိုးတက်ရရှိလာခြင်း၊

(၂) အချို့သော စက်မှုလုပ်ငန်းကြီးများသည် ညအချိန်သို့ ပြောင်းရွှေ့လုပ်ငန်းဆောင်ရွက်ကြသဖြင့် နေ့လယ်ပိုင်း ဓာတ်အားသုံးစွဲလိုသည့် ပြည်သူများသို့ ပိုမို၍ဖြန့်ဖြူးပေးနိုင်ခြင်း၊

(၃) နေ့နှင့်ည ဝန်အားမျှတမှု ဖြစ်ပေါ်လာသဖြင့် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားစနစ် တည်ငြိမ်မှုရှိလာခြင်း၊

(၄) လုပ်ငန်းရှင်များအနေဖြင့် ချိုသာသော ဓာတ်အားခဖြင့် လုပ်ငန်းဆောင်ရွက်ရသဖြင့် ကုန်ထုတ်လုပ်မှုစရိတ်သက်သာပြီး ကုန်ပစ္စည်းဈေးနှုန်းများကျဆင်းစေရန် အထောက်အကူပြုနိုင်ခြင်း။

ထို့ပြင် လူအများ ဓာတ်အားသုံးစွဲမှုအလွန်နည်းပါးပြီး ဓာတ်အားပေးစနစ်အတွင်း လျှပ်စစ်ဓာတ်အားပိုလျှံနေချိန်တွင် စွမ်းအင်များပြားစွာ သိုလှောင်နိုင်စွမ်းရှိသည့် ဘက်ထရီကြီးများကို လျှပ်စစ်မီးသုံး၍ အပြည့်အဝအားသွင်းခြင်း ပြုလုပ်ထား၍ လျှပ်စစ်မီးသုံးစွဲမှု အထွတ်အထိပ်ရောက်ပြီး ဓာတ်အားလိုအပ်ချိန် (သို့မဟုတ်) မီးဖြတ်ရတော့မည့်အချိန်များတွင် ဘက်ထရီများတွင် သိုလှောင်ထားသော လျှပ်စစ်စွမ်းအင်ကို အိမ်သုံး၊ ရုံးသုံး သို့မဟုတ် စက်ရုံသုံးစနစ်များဆီသို့ ပြန်လည်ထုတ်လွှတ်ပေးခြင်းဖြင့်လည်း ဓာတ်အားစနစ်အတွင်း ဓာတ်အားအလွန်အမင်းတောင်းဆိုမှုများပြားသည့် (Load Spike) အချိန်များအတွက် ဓာတ်အားပေးစနစ်တစ်ခုလုံး အလွန်အကျွံ ဝန်ပိခြင်းနှင့် ဓာတ်အားပြတ်တောက်ခြင်းတို့မှ ကာကွယ်ပေးနိုင်ရန်လည်း စီမံဆောင်ရွက်လျက်ရှိပါသည်။

ထို့ကြောင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရာလမ်းတစ်လျှောက် ဖြစ်ပေါ်တတ်သော နည်းပညာပိုင်းဆိုင်ရာ ဆုံးရှုံးမှုများနှင့် ခွင့်ပြုချက်မရှိဘဲ သုံးစွဲခြင်းကဲ့သို့သော လျှပ်စစ်ဆုံးရှုံးမှုများကို စမတ်ဂရစ်၏ SCADA ဟုခေါ်သော အဝေးမှကြည့်ရှုကွပ်ကဲနိုင်သည့်စနစ်နှင့် အလိုအလျောက် ထိန်းချုပ်ကွပ်ကဲမှုစနစ်တို့ဖြင့် ချက်ချင်းဖော်ထုတ် တားဆီးနိုင်မည်ဖြစ်ပါသည်။

လျှပ်စစ်ဓာတ်အား ခိုးယူသုံးစွဲမှုများနှင့် ဓာတ်အားပျောက်ဆုံးမှုများကို လုပ်ငန်းစဉ်တစ်လျှောက် စောင့်ကြပ်ကြည့်ရှုလာနိုင်၍ လျှပ်စစ်ကဏ္ဍတွင် ဝင်ငွေတိုးတက်ရရှိလာသဖြင့် တိုးချဲ့တည်ဆောက်ရမည့် စီမံကိန်းလုပ်ငန်းသစ်များ ပိုမိုအားကောင်းလာစေပြီး ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရာ၌လည်း အထောက်အကူဖြစ်လာနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် ဓာတ်အားပေးစက်ရုံများမှ ထုတ်လုပ်လိုက်သည့်စွမ်းအင်များကို အလဟဿမဖြစ်စေဘဲ သုံးစွဲသူပြည်သူများထံသို့ အပြည့်အဝ ပို့လွှတ်ပေးနိုင်မည်ဖြစ်ကာ နိုင်ငံတော်အတွက် ကြီးမားသောစွမ်းအင်နှင့် စီးပွားရေးတန်ဖိုးများကို ပြန်လည်ဆွတ်ခူးပေးနိုင်မည်ဖြစ်ပြီး သားရွှေအိုးထမ်းလာသည်ကို တွေ့မြင်ရခြင်းပင်ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီး၏ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်ခဲ့ရာတွင် လိုက်ပါသွားသည့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအနေဖြင့်လည်း ဘယ်လာရုစ်သမ္မတနိုင်ငံ စွမ်းအင်ဝန်ကြီးနှင့်တွေ့ဆုံရာတွင် နိုင်ငံတော်တွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့် ပို့လွှတ်မှုစနစ်တကျ ထိန်းချုပ်ကွပ်ကဲနိုင်သည့် Smart Power Generation နှင့် Smart Grid ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နည်းပညာများ အကူအညီပေးရေး၊ ရင်းနှီးမြှုပ်နှံ၍ ပူးပေါင်းဆောင်ရွက်ရေးနှင့် ယင်းနယ်ပယ်တွင် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး လေ့ကျင့်ပေးရန်အတွက် ဆွေးနွေးနိုင်ခဲ့သဖြင့် နိုင်ငံတော်၏လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြီးမားသည့် အထောက်အပံ့ဖြစ်လာမည်ဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့်ဆိုရသော် လျှပ်စစ်မီးဟူသည် ခေတ်မီလူ့အဖွဲ့အစည်းတစ်ခု၏ အသက်သွေးကြောသာမက ရွှေပြည်မြေ၏ တိုးတက်မှုကိုတိုင်းတာသည့် အဓိကမဏ္ဍိုင်တစ်ခုလည်း ဖြစ်ပါသည်။ နှစ်ကာလကြာမြင့်ခဲ့ပြီဖြစ်သော သမားရိုးကျဓာတ်အားလိုင်းများ၏ ကန့်သတ်ချက်များနှင့် ဆုံးရှုံးမှုများကို ကျော်လွှန်၍ ဉာဏ်ရည်မြင့် **စမတ်ဂရစ် (Smart Grid)** စနစ်ဆီသို့ ကူးပြောင်းခြင်းသည် မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍအတွက် မလွဲမသွေထမ်းဆောင်ရမည့် သမိုင်းပေးတာဝန်တစ်ရပ်ပင် ဖြစ်ပါသည်။ ယင်းတာဝန်ကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက တာဝန်ယူ၍ ဝန်ထမ်းများအားလုံး ညီညွတ်တက်ကြွစွာ ထမ်းဆောင်နေပြီဖြစ်ပါသည်။

မြန်မာ့လျှပ်စစ်စွမ်းအင်ကဏ္ဍသစ် ဖွင့်လှစ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသည့် ခြေလှမ်းတိုင်းသည် ပြည်သူ့အတွက်ဖြစ်စေရမည်ဟု စိတ်ထားမွန်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ရာ စမတ်ဂရစ်ရင်ခုန်သံနှင့်အတူ မကြာမီလင်းလက်လာတော့မည့် မြန်မာ့စွမ်းအင်အနာဂတ်ကို ကြိုတင်ခံစားပီတိပွားမိပါသည်။ ။

# နိုင်ငံတစ်ဝန်းဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် ရေဘေးသင့်ခဲ့သောပြည်သူများအတွက် ငွေကျပ်သိန်းပေါင်း ၃၁၀၀၀ ခန့် ထောက်ပံ့ထားရှိ

**ကျောင်းကုန်း ဩဂုတ် ၂၇**

ယခုနှစ် ဇူလိုင်လကုန်ပိုင်းမှစ၍ နိုင်ငံတစ်ဝန်း ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှု များကြောင့် ရေဘေးသင့်ခဲ့သော ပြည်သူများ အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များ၏ ထောက်ပံ့ထားရှိမှုမှာ ငွေကျပ် သိန်းပေါင်း ၃၁၀၀၀ ခန့် ရှိပြီဖြစ်သည်။

အလားတူ ဝေနိတာ အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ရေဝင်နစ်မြုပ်မှုများ ဖြစ်ပွားလျက်ရှိသော ရေကြည်မြို့နယ် ရေကြည်မြို့ အားကစားရုံ၊ သဃ်န်းဒေါင့် ဘုန်းကြီးကျောင်းတို့ရှိ ရေဘေးရှောင်စခန်းများသို့ ယမန်နေ့နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ကြည့်ရှုအားပေးပြီး အိမ်ထောင်စု ၁၉၂ စု၊ လူဦးရေ ၅၈၅ ဦးအတွက် ဆန်ရိက္ခာဖိုးငွေ၊ ကြက်ဥ၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်နှင့် ရေဘေးသင့်ပြည်သူများအနက် အသက် ၇၀ နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များ၊ အသက် ငါးနှစ်အောက် ကလေးများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ မသန်စွမ်းသူများ စသည့် ထိခိုက်လွယ် လူဦးရေ ၈၀ အတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ငွေများပေးအပ်ပြီး စုစုပေါင်း ငွေကျပ် ၇၃ဒသမ၂ သိန်း ထောက်ပံ့နိုင်ခဲ့သည်။

ဆက်လက်၍ ကျောင်းကုန်းမြို့ မြို့ပေါက်ဆိန်ဘုန်းကြီးကျောင်း၊ ရတနာပုံ ဘုန်းကြီးကျောင်းနှင့် ဥယျာဉ်ကြီး ဘုန်းတော်ကြီးကျောင်းများရှိရေဘေးရှောင်စခန်းများ၌ ရေဘေးသင့် ပြည်သူများနှင့် တွေ့ဆုံပြီး ရေများကျဆင်း၍ နေအိမ်သန့်ရှင်းရေး ဆောင်ရွက်ရာတွင် တစ်ကိုယ်ရေကျန်းမာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ဂရုပြုဆောင်ရွက်ရန်၊ စာသင်ကျောင်း၊ ဆေးရုံ၊ လမ်းအစရှိသည့် အများပြည်သူပိုင် နေရာများကို စုပေါင်းသန့်ရှင်းရေး ဝိုင်းဝန်းလုပ်ဆောင်ရန် ပြောကြားပြီး စခန်းများရှိ ရေဘေးသင့်အိမ်ထောင်စု ၆၃၆ စုမှ လူဦးရေ ၂၂၈၁ ဦးတို့အတွက် ဆန်ရိက္ခာဖိုးငွေ၊ ကြက်ဥ၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်နှင့် အသက် ၇၀ နှစ်နှင့် အထက် သက်ကြီးပုဂ္ဂိုလ်များ၊ အသက် ငါးနှစ်အောက် ကလေးများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ မသန်စွမ်းသူများ စသည့် ထိခိုက်လွယ် လူဦးရေ၈၃ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ခဲ့ပြီး ထောက်ပံ့မှုစုစုပေါင်း ငွေကျပ် ၂၁၄ ဒသမ ၅၅ သိန်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ဝေနိတာတမံနိမ့်ကျမှုအပေါ် ရေတိုက်စားမှုကာကွယ်ခြင်းနှင့် ရေစီးလမ်းကြောင်းပိတ်ဆို့ကာကွယ်ခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၇**

ဧရာဝတီ တိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်ရှိ ဝေနိတာတမံနိမ့်ကျမှု ဖြစ်ပေါ်ခဲ့မှုအပေါ် ရေတိုက်စားမှု ကာကွယ်ခြင်းလုပ်ငန်းနှင့် ရေစီးလမ်းကြောင်း ပိတ်ဆို့ကာကွယ်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

**ကြည့်ရှုစစ်ဆေး**

ယနေ့ ဝေနိမြစ်(လေးမျက်နှာမြို့)၏ မြစ်ရေမှတ်သည် ၂၈ ပေခန့်ရှိရာ မြစ်ရေမှတ်များ ကျဆင်းနေသည့်အတွက် ရေစီးဝင်လမ်းကြောင်း၏ လက်ယာဘက်ခြမ်းအား နိုင်လွန်ကြိုးပိုက်များဖြင့် ထုပ်ပြီး သဲအိတ်တွဲများချခြင်း၊ ဒဂုန်စာမရီ ရေယာဉ်ကြီးဖြင့် (အလျား လေးမီတာ၊ အကျယ် နှစ်မီတာ၊ ဒု သုည ဒသမ ၅ မီတာ) Geo Bag အိတ်ကြီးများချခြင်း၊ အလယ် ရေနက်ရေစီးကြောင်းတွင် Split Berge ရေယာဉ်ကြီးဖြင့် (အလျား ၁၀ မီတာ၊ အကျယ် နှစ်မီတာ၊ ဒု သုည ဒသမ ၅ မီတာ) နှင့် (အလျား ရှစ်မီတာ၊ အကျယ် နှစ်မီတာ၊ ဒု သုည ဒသမ ၅ မီတာ) Geo Bag အိတ်ကြီးများချခြင်း၊ လက်ဝဲဘက်ခြမ်းအား Steel Sheet Pile များ ရိုက်သွင်းခြင်း စသည့်လုပ်ငန်းများအား အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ကြည့်ရှုစစ်ဆေးပြီး ရေတိုက်စားမှု ကာကွယ်ခြင်းလုပ်ငန်းနှင့် ရေစီးလမ်းကြောင်း ပိတ်ဆို့ကာကွယ်ခြင်း လုပ်ငန်းများကို ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှုနှင့်အတူ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တံတားဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ နည်းပညာ ကျွမ်းကျင်သူများ၊ ကျွမ်းကျင် လုပ်သားများ၏ ပေါင်းစပ်ဆောင်ရွက်နေမှုများအပေါ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# မြိတ်မြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်

**မြိတ် ဩဂုတ် ၂၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြိတ်မြို့နယ်ဦးစီးမှူးရုံးဝန်ထမ်းများက လမင်းစီမံချက်ဖြင့် ယနေ့နံနက်ပိုင်းတွင် အမက(မြစ်ငယ်)၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ အသက်(၁၀)နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးခြင်းနှင့် ဇီဝဆိုင်ရာအချက်အလက်ကောက်ယူခြင်းလုပ်ငန်းများကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြိတ်မြို့နယ်ဦးစီးမှူး ဦးဇော်ထွန်းလင်းနှင့် ဝန်ထမ်းများက နေ့ချင်းပြီးဆောင်ရွက်ပေး၍ ဆောင်ရွက်ပြီးသည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက လက်ဝယ်အရောက်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**





# မြောက်ဥက္ကလာပမြို့နယ်၌ မြတ်မင်္ဂလာရောင်းဝယ်ရေးသမဝါယမအသင်းနှစ်ပတ်လည် စည်းဝေး

**ရန်ကုန် ဩဂုတ် ၂၇**

ရန်ကုန် တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်အတွင်း သမဝါယမ အသင်းများမှ မြတ်မင်္ဂလာ ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင် ရွေးချယ်ပွဲကို ယမန်နေ့နံနက်ပိုင်းက အမှတ်(၂)အခြေခံပညာ မူလတန်းကျောင်းခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မြောက်ဥက္ကလာပမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာမွန်က ဝန်ကြီးဌာနနှင့် ဦးစီးဌာနမှ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ အသင်း အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေး ရှင်းတမ်းများကို ဒေါ်ဝင်းနေဖြိုးက ဖတ်ကြားတင်ပြပြီး အသင်းသားများ၏ အတည်ပြုချက်များ ရယူကာ အမှုဆောင် ရွေးချယ်ကြသည်။ အဆိုပါ အစည်းအဝေးသို့ အသင်းသား ၄၁ ဦး တက်ရောက်ကြပြီး အစုပေါ်အမြတ်နှင့် အသင်းသားများကို လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

# နောင်ချိုမြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

**နောင်ချို ဩဂုတ် ၂၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ယမန်နေ့က အမှတ်(၃) အခြေခံပညာ မူလတန်းကျောင်း၌ ပြုလုပ်သည်။

ဟောပြောပွဲတွင် မြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့စိတ်မှ ရဲအုပ် ဟန်ထွန်းနိုင်က ယာဉ်မောင်းနှင် ရာတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ အထူးဂရုပြုမောင်းနှင်ကြရန်နှင့် ဆိုင်ကယ်စီးနင်း အသုံးပြုသူများအနေဖြင့်လည်း သိသင့်သိထိုက်သည့် ဆောင်ရန်/ရှောင်ရန် အချက်များကို အသိပညာပေးဟောပြောကာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**စာအုပ်စာပေ**

**လူ့မိတ်ဆွေ**

**အလိမ္မာ**

**စာမှာရှိ**

# (၁၂၃)ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂၇


(၁၂၃)ကြိမ်မြောက် တောင်သူနည်းပညာ ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် အွန်လိုင်းစနစ်ဖြင့် ကျင်းပရာ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် တွဲဖက်ပါမောက္ခ ဒေါက်တာ ချောစုစုထွေးက "တစ်နိုင်တစ်ပိုင် ဟင်းသီးဟင်းရွက် မျိုးစေ့ထုတ်လုပ်ခြင်းဆိုင်ရာ နည်းလမ်းများ" ခေါင်းစဉ်ဖြင့်တင်ပြပြီး ဆွေးနွေးပွဲ တက်ရောက်လာသူများ၏ မေးမြန်းချက်များအပေါ် ရှင်းလင်းဖြေကြားသည်။

## ဆွေးနွေးပြောကြား

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဒေါက်တာ ရဲတင့်ထွန်းက လယ်ယာကုန်ထုတ်လုပ်မှု ကဏ္ဍ တစ်ခုလုံး၌ မျိုးကောင်းမျိုးသန့်သုံးစွဲမှု လွှမ်းခြုံနိုင် စေရန်နှင့် တောင်သူများအတွက် မျိုးစေ့စရိတ် လျှော့ချနိုင်စေရန် မြို့နယ်/ ကျေးရွာအလိုက် မျိုးစေ့ထုတ် လုပ်ငန်းများကို တစ်ပိုင်တစ်နိုင် ပေါင်းစပ်ဆောင်ရွက် ရန်၊ သန့်ရှင်းလတ်ဆတ်သော ဟင်းသီးဟင်းရွက် သစ်သီးဝလံများ စားသုံးခြင်းဖြင့် ကိုယ်ခံအား ကောင်းမွန်ကာ ကျန်းမာရွှင်လန်းသော လူ့အသိုင်း အဝိုင်းဖြစ်စေရေး အိမ်ခြံဝင်းသီးနှံစိုက်ပျိုးရေး အသိပေးတိုက်တွန်းဆောင်ရွက်သွားရန် လိုအပ်ချက် များကို ဆွေးနွေးပြောကြားသည်။

ဆွေးနွေးပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး သုတေသနဦးစီးဌာန၊ မွေးမြူရေးသုတေသန ဦးစီးဌာန တို့မှ ပညာရှင်များနှင့် သုတေသီများ၊ ရေဆင်းစိုက်ပျိုး ရေးတက္ကသိုလ် ပါမောက္ခ (ဌာနမှူး)နှင့် ဆရာ ဆရာမ များ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးမှ စိုက်ပျိုးရေးပညာရှင်များနှင့် တောင်သူ များက Zoom Point ၁၃၀ မှ ပါဝင်တက်ရောက်ကြ သည်။

**သတင်းစဉ်**





# တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး(သတ္တမနေ့) ကျင်းပ

ထားဝယ် ဩဂုတ် ၂၇

တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေး (သတ္တမနေ့) ကို ယနေ့နံနက် ၁၀ နာရီတွင် ထားဝယ်မြို့ တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်း ၁၁ ခု ကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်း ဝင်များက ပြန်လည်ဖြေကြားကြသည်။

ဆက်လက်၍ သရက်ချောင်းမြို့နယ် ကိုယ်စား လှယ်အမှတ်(၂) ဦးအောင်အောင်က "တနင်္သာရီ တိုင်းဒေသကြီး မြိတ်မြို့နယ်အတွင်း မူးယစ်ဆေးဝါး များနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ သုံးစွဲ နေမှု၏ အကျိုးဆက်ကြောင့် လူငယ်လူရွယ်များ၏ အကျင့်စာရိတ္တပျက်ယွင်းခြင်း၊ စိတ်ကျန်းမာရေး ပျက်ပြားခြင်းနှင့် လိင်ပိုင်းဆိုင်ရာ ပြဿနာများ ဖြစ်ပေါ်နေကြသောကြောင့် တိုင်းဒေသကြီးအစိုးရ တစ်ရပ်အနေဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ဖြန့်ဖြူးရောင်းချ နေသူများကို ထိထိရောက်ရောက် အရေးယူဆောင် ရွက်ပေးရန်နှင့် မူးယစ်ဆေးဝါးစွဲလမ်းနေကြသော လူငယ်လူရွယ်များကို ကုသမှုများ ဆောင်ရွက်ပေး ခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေးရန် လိုအပ်နေပြီ ဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ အားတိုက်တွန်းကြောင်း" အဆိုကို လွှတ်တော်သို့ တင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး က ထောက်ခံခြင်း၊ ယင်းအဆိုနှင့်စပ်လျဉ်း၍ လက်ခံ ဆွေးနွေးရန်သင့်/မသင့် တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းနှင့်ဆွေးနွေးလိုသော လွှတ်တော် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းပေးပို့နိုင် ကြောင်းကြေညာခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေး (သတ္တမနေ့) ကို နံနက် ၁၁ နာရီတွင် ရပ်နားပြီး တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန် အစည်းအဝေး (အဋ္ဌမနေ့)ကို ဩဂုတ် ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရ သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# သီပေါမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

သီပေါ ဩဂုတ် ၂၇

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးခန့်ဝေယံနှင့် ဝန်ထမ်းများက လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များကို မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများနှင့် အခြေခံပညာ ကျောင်းများသို့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကွင်းဆင်း ဆောင်ရွက်ပေး သည်။



ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် အသက်(၁၀)နှစ်ပြည့်နှင့် အသက်(၁၈)နှစ်ပြည့် ကျောင်းသား ကျောင်းသူ ၇၀ အား နိုင်ငံသား စိစစ်ရေးကတ်နှင့် UID ကတ်များ ကို နေ့ချင်းပြီးဆောင်ရွက်ပေး ပြီး ကျောင်းသား ကျောင်းသူ များ လက်ဝယ်အရောက် တာဝန် ရှိသူများက ပေးအပ်ခဲ့သည်။ ကွင်းဆင်း ဆောင်ရွက်ရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ် ရေးကော်မတီဥက္ကဋ္ဌ ဦးလွင်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းကောင်းသက်စံနှင့် တာဝန် ရှိသူများက ကြည့်ရှုအားပေးခဲ့ကြ ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

■

# ပခုက္ကူမြို့၌ ငှက်ပျောပင်များစုပေါင်းစိုက်ပျိုး



ပခုက္ကူ ဩဂုတ် ၂၇

မကွေးတိုင်းဒေသကြီး ပခုက္ကူ မြို့ အမှတ်(၃) အခြေခံပညာ အထက်တန်း ကျောင်းဝင်း၌ ယမန်နေ့နံနက် ၈ နာရီခွဲတွင် အာဟာရဖြည့်စွက်စာ ကျွေးမွေး နိုင်ရေး ငှက်ပျောပင်များ စုပေါင်း စိုက်ပျိုးကြသည်။

ဦးစွာ ပခုက္ကူခရိုင်စီမံခန့်ခွဲရေး နှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်က အမှာစကားပြောကြား ပြီး ပျိုးပင်များပေးအပ်သည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့်အဖွဲ့ဝင်များ၊ ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ် ဦးလှဝင်းဦး၊ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးတင်မြင့်ဦး၊ ပခုက္ကူတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ထွန်း အောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာတာဝန် ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်း၊ ပညာရေးနှင့်ကျန်းမာရေး ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများက ငှက်ပျောပင် ပေါင်း ၅၀၀ ကို စုပေါင်းစိုက်ပျိုး ခဲ့ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

**နိုင်ငံ့ ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့် မဆို ခြိမ်းခြောက်ခြင်း၊ တာဝန် ထမ်းဆောင်မှုအား နှောင့်ယှက် ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့် အညီ အရေးယူခံရနိုင်ပါသည်။**

# ညောင်ဦးမြို့၌ ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေး အသိပညာပေးဟောပြော

ညောင်ဦး ဩဂုတ် ၂၇

မန္တလေး တိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ ယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်း စောင့်ရှောက်ရေး အသိပညာပေး ဟောပြောပွဲကို ယမန်နေ့နံနက် ပိုင်းတွင် အခြေခံပညာအထက် တန်းကျောင်း(ညောင်ဦး) ပန်းမျိုး တစ်ရာခန်းမ၌ ကျင်းပသည်။

ဦးစွာ ရှေးဟောင်းသုတေသန နှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်နန်းနွယ်က ပုဂံဒေသ ထိန်းသိမ်းစောင့်ရှောက်ရေး၊ စီမံ ခန့်ခွဲရေး၊ အဆောက်အအုံ ဆောက်လုပ်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့်ပတ်သက် ၍ အမှာစကားပြောကြားသည်။

ထို့နောက် (ပုဂံဌာနခွဲ) ဒုတိယ ညွှန်ကြားရေးမှူး ဒေါက်တာ အိရွှေစင်မြင့်က ကမ္ဘာ့အမွေအနှစ် ပုဂံဒေသ ဒြပ်ရှိ၊ ဒြပ်မဲ့ ယဉ်ကျေးမှု အမွေအနှစ်များ အခန်းကဏ္ဍ၊ မန္တလေးတိုင်းဒေသကြီး ယဉ်ကျေး မှုအမွေအနှစ်များ ထိန်းသိမ်းရေး ကော်မတီ ဦးစိုးစိုးလင်းက ပုဂံ ယဉ်ကျေးမှု အမွေအနှစ်ဒေသ အကြောင်း သိမှတ်ဖွယ်ရာများနှင့် အမျိုးသားရေး တာဝန်တို့ကို ဟောပြောပို့ချသည်။

ထို့နောက် ယဉ်ကျေးမှုအမွေ အနှစ် ထိန်းသိမ်းစောင့်ရှောက်ရေး အသိပညာပေး ဟောပြောပို့ချမှု ဉာဏ်စမ်း မေးခွန်းများကို ကျောင်းသား ကျောင်းသူများ



ဖြေဆိုခဲ့ကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ် ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဒီပါလင်း**

# မြန်မာစံချိန်စံညွှန်းများသတ်မှတ်ခြင်း

**အမျိုးသားစံချိန်စံညွှန်းကောင်စီသည် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၃၃၊ ပုဒ်မခွဲ(ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပုဒ်မ ၅၊ ပုဒ်မခွဲ(ခ) ပါ လုပ်ငန်းတာဝန်များအရ အောက်ဖော်ပြပါ စံချိန်စံညွှန်း(၁၈၃)ခုအား မြန်မာစံချိန်စံညွှန်းများအဖြစ် သတ်မှတ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်-**

**စဉ် မြန်မာစံချိန်စံညွှန်းများ**

၁။ MMS IEC 60068 – 2–30:2025 ပတ်ဝန်းကျင်ဆိုင်ရာ စမ်းသပ်ခြင်း–အပိုင်း (၂–၃၀)–စမ်းသပ်မှုများ–စမ်းသပ်မှု ဒီဘီ: စက်ဝန်းပုံစံ စိုထိုင်းမှုနှင့် အပူချိန်စစ်ဆးခြင်း (၁၂ နာရီ + ၁၂ နာရီ စက်ဝန်း)

၂။ MMS IEC 60068–2–47:2005 ပတ်ဝန်းကျင်ဆိုင်ရာ စမ်းသပ်ခြင်း – အပိုင်း (၂–၄၇)– စမ်းသပ်မှုများ – တုန်ခါမှု၊ သက်ရောက်မှုနှင့် အလားတူ ဒိုင်းနမစ်စမ်းသပ်မှုများအတွက် နမူနာပစ္စည်းများ တပ်ဆင်ခြင်း

၃။ MMS IEC 60068–2–52:2017 ပတ်ဝန်းကျင်ဆိုင်ရာ စမ်းသပ်ခြင်း – အပိုင်း (၂–၅၂)– စမ်းသပ်မှုများ – စက်ဝန်းပုံစံ ဆားငန်မှုန် စမ်းသပ်ခြင်း (ဆိုဒီယမ်ကလိုရိုက်ပျော်ရည်)

၄။ MMS IEC 60095–1:2018 ခဲ – အက်စစ် စက်နှိုးဘက်ထရီများ– အပိုင်း (၁)–အထွေထွေလိုအပ်ချက်များနှင့် စမ်းသပ်နည်းလမ်းများ

၅။ MMS IEC 60095–2:2021 ခဲ–အက်စစ် စက်နှိုးဘက်ထရီများ– အပိုင်း (၂) –ဘက်ထရီ၏အတိုင်းအတာများ၊ ဘက်ထရီအပေါင်း–အနုတ်ငုတ်၏ အတိုင်းအတာများနှင့် အမှတ်အသားများ

၆။ MMS IEC 60095–4:2021 ခဲ–အက်စစ် စက်နှိုးဘက်ထရီများ– အပိုင်း(၄) – မော်တော်ယာဉ်ကြီးများအတွက် ဘက်ထရီများ၏ အတိုင်းအတာများ

၇။ MMS IEC 60095–7:2019 ခဲ–အက်စစ် စက်နှိုးဘက်ထရီများ– အပိုင်း(၇) – မော်တော်ဆိုင်ကယ် ဘက်ထရီများအတွက် အထွေထွေလိုအပ်ချက်များနှင့် စမ်းသပ်နည်းလမ်းများ

၈။ MMS IEC 60364–1:2025 မို့အားနိမ့် လျှပ်စစ်ပိုင်းဆိုင်ရာ သွယ်တန်းတပ်ဆင်ခြင်းများ –အပိုင်း(၁) – အခြေခံအချက်များ၊ အထွေထွေ ထူးခြားသည့်လက္ခဏာများ အကဲဖြတ်ခြင်းနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ

၉။ MMS IEC 60364 – 4 – 41: 2005 ဗို့အားနိမ့် လျှပ်စစ်ပိုင်းဆိုင်ရာ သွယ်တန်းတပ်ဆင်ခြင်းများ – အပိုင်း(၄–၄၁) – အန္တရာယ်ကင်းရှင်းရေးအတွက် ကာကွယ်ခြင်း – လျှပ်စစ်ဓာတ်လိုက်မှုဖြစ်ခြင်းမှ ကာကွယ်ခြင်း

၁၀။ MMS IEC 60364– 4– 43: 2023 ဗို့အားနိမ့်လျှပ်စစ်ပိုင်းဆိုင်ရာ သွယ်တန်းတပ်ဆင်ခြင်းများ – အပိုင်း (၄–၄၃) အန္တရာယ်ကင်းရှင်းရေးအတွက် လျှပ်စီးလွန်ခြင်းမှ ကာကွယ်ခြင်း

၁၁။ MMS IEC 60364–5 – 51: 2005 ဗို့အားနိမ့် လျှပ်စစ်ပိုင်းဆိုင်ရာ သွယ်တန်းတပ်ဆင်ခြင်းများ – အပိုင်း(၅–၅၁) – လျှပ်စစ်ပစ္စည်းကိရိယာများရွေးချယ်ခြင်းနှင့် တပ်ဆင်ခြင်း – ယေဘုယျစည်းကမ်းများ

၁၂။ MMS IEC 60364– 5– 54: 2011 ဗို့အားနိမ့်လျှပ်စစ်ပိုင်းဆိုင်ရာ သွယ်တန်းတပ်ဆင်ခြင်းများ – အပိုင်း(၅ – ၅၄) လျှပ်စစ်ပစ္စည်းကိရိယာများရွေးချယ်ခြင်းနှင့် တပ်ဆင်ခြင်း – မြေစိုက်စနစ်အစီအစဉ်များနှင့် အကာအကွယ် လျှပ်ကူးပစ္စည်းများ

၁၃။ MMS IEC 60364– 5– 56 :2018 ဗို့အားနိမ့် လျှပ်စစ်ပိုင်းဆိုင်ရာသွယ်တန်းတပ်ဆင်ခြင်းများ – အပိုင်း(၅–၅၆) –လျှပ်စစ်ပစ္စည်းကိရိယာများ ရွေးချယ်ခြင်းနှင့် တပ်ဆင်ခြင်း – ဘေးအန္တရာယ်ကင်းရှင်းရေး ဝန်ဆောင်မှုများ

၁၄။ MMS IEC 60364–7–704: 2017 ဗို့အားနိမ့် လျှပ်စစ်ပိုင်းဆိုင်ရာ သွယ်တန်းတပ်ဆင်ခြင်းများ – အပိုင်း(၇–၇၀၄) – အထူးတပ်ဆင်ခြင်းများ သို့မဟုတ် နေရာများအတွက် လိုအပ်ချက်များ – တည်ဆောက်ခြင်းနှင့် ဖြိုချခြင်းလုပ်ငန်းခွင် သွယ်တန်းတပ်ဆင်ခြင်းများ

၁၅။ MMS IEC 60364–7–705: 2006 ဗို့အားနိမ့်လျှပ်စစ်ပိုင်းဆိုင်ရာ သွယ်တန်းတပ်ဆင်ခြင်းများ – အပိုင်း(၇–၇၀၅) အထူးတပ်ဆင်ခြင်းများ သို့မဟုတ် နေရာများအတွက် လိုအပ်ချက်များ၊ စိုက်ပျိုးရေးနှင့် ဥယျာဉ်ခြံနှင့် ဆက်စပ်လျက်ရှိသော ပိုင်နက်

၁၆။ MMS IEC 60364– 7–722: 2018 ဗို့အားနိမ့်လျှပ်စစ်ပိုင်းဆိုင်ရာသွယ်တန်းတပ်ဆင်ခြင်းများ – အပိုင်း (၇ – ၇၂၂) အထူးတပ်ဆင်ခြင်းများ သို့မဟုတ် နေရာများအတွက် လိုအပ်ချက်များ – လျှပ်စစ်သုံးယာဉ်များအတွက် ဓာတ်အားပေးခြင်းများ

၁၇။ MMS IEC 60896–11:2002 အထိုင်ချအသုံးပြုသော ခဲ–အက်စစ်ဘက်ထရီများ – အပိုင်း(၁၁) – ဂက်စ်/အငွေ့ထွက်ပေါက်ပါသော အမျိုးအစားများ – အထွေထွေ လိုအပ်ချက်များနှင့် စမ်းသပ်နည်းလမ်းများ

၁၈။ MMS IEC 60896–21:2004 အထိုင်ချအသုံးပြုသော ခဲ–အက်စစ်ဘက်ထရီများ – အပိုင်း (၂၁) – အဆို့ရှင်တပ် အမျိုးအစားများ – စမ်းသပ်နည်းလမ်းများ

၁၉။ MMS IEC 60896–22:2004 အထိုင်ချအသုံးပြုသော ခဲ–အက်စစ်ဘက်ထရီများ – အပိုင်း (၂၂) – အဆို့ရှင်တပ် အမျိုးအစားများ – လိုအပ်ချက်များ

၂၀။ MMS IEC 61215–1–1: 2021 မြေပြင်ပေါ်ရှိ ဖိုတိုဗို့လ်တစ်မော်ဂျူးများ – ဒီဇိုင်း အရည်အသွေးနှင့် အမျိုးအစား အတည်ပြုခြင်း – အပိုင်း (၁–၁) – ခရစ်တယ်လိုင်း စီလီကွန် ဖိုတိုဗို့လ်တစ်မော်ဂျူးများ စမ်းသပ်ခြင်းအတွက် အထူးလိုအပ်ချက်များ

၂၁။ MMS IEC 61215 – 1 – 2: 2021 မြေပြင်ပေါ်ရှိဖိုတိုဗို့လ်တစ်မော်ဂျူးများ – ဒီဇိုင်း အရည်အသွေးနှင့် အမျိုးအစားခွင့်ပြုချက်–အပိုင်း (၁–၂)–သင်း ဖလင်ကဒ်မီယမ်တယ်လာရိုဒ် အခြေပြုဖိုတိုဗို့လ်တစ်မော်ဂျူးများ စမ်းသပ်ခြင်းအတွက် အထူးလိုအပ်ချက်များ

၂၂။ MMS IEC 61326– 1: 2020 တိုင်းတာခြင်း၊ ထိန်းချုပ်ခြင်းနှင့် ဓာတ်ခွဲခန်း အသုံးပြုခြင်းဆိုင်ရာ လျှပ်စစ်ပစ္စည်းကိရိယာများ– လျှပ်စစ်သံလိုက်လှိုင်း သဟဇာတဖြစ်မှု (အီးအမ်စီ) လိုအပ်ချက်များ – အပိုင်း(၁) – အထွေထွေလိုအပ်ချက်များ

၂၃။ MMS IEC 61643–32: 2017 ဗို့အားနိမ့်အတွက် လျှပ်စစ်ဒီလှိုင်း (surge) ကာကွယ်ရေးဆိုင်ရာကိရိယာများ – အပိုင်း (၃၂) – ဖိုတိုဗို့လ်တစ် သွယ်တန်းတပ်ဆင်ခြင်းများတွင် ဒီစီဘက်နှင့် ချိတ်ဆက်ထားသော အလွန်မြင့်မားသည့် ပမာဏရှိသော လျှပ်စစ်ဒီလှိုင်း (surge) ကာကွယ်ရေးဆိုင်ရာကိရိယာများ– ရွေးချယ်မှုနှင့် အသုံးပြုနိုင်မှုဆိုင်ရာ စည်းမျဉ်းများ

၂၄။ MMS IEC 62052–11:2020 လျှပ်စစ်မီတာတိုင်းတာရေးကိရိယာများ – အထွေထွေ လိုအပ်ချက်များ၊ စမ်းသပ်မှုများနှင့် စမ်းသပ်မှုအခြေအနေများ – အပိုင်း (၁၁) – တိုင်းတာရေးကိရိယာများ

၂၅။ MMS IEC 62053–11:2003 လျှပ်စစ်မီတာတိုင်းတာရေးကိရိယာများ – အထူးလိုအပ်ချက်များ– အပိုင်း (၁၁) – လျှပ်စစ်စွမ်းအင်များအတွက် electromechanical မီတာများ (အတန်းအစားများ ၀၊ ၅၊ ၁ နှင့် ၂)

၂၆။ MMS IEC 62053–21:2020 လျှပ်စစ်မီတာတိုင်းတာရေးကိရိယာများ – အထူးလိုအပ်ချက်များ – အပိုင်း (၂၁) – အေစီလှုပ်ရှားစွမ်းအင်များအတွက် Static မီတာများ (အတန်းအစားများ ၀၊ ၅၊ ၁ နှင့် ၂)

၂၇။ MMS IEC 62053–22:2020 လျှပ်စစ်မီတာတိုင်းတာရေးကိရိယာများ – အထူးလိုအပ်ချက်များ – အပိုင်း (၂၂)– အေစီလှုပ်ရှားစွမ်းအင်များအတွက် Static မီတာများ (အတန်းအစားများ ၀၊ ၁S၊ ၀၊ ၂S နှင့် ၀၊ ၅S)

၂၈။ MMS IEC 62093:2022 ဖိုတိုဗို့လ်တစ်စနစ် လျှပ်စစ်ဓာတ်အားပြောင်းလဲခြင်းဆိုင်ရာ ပစ္စည်းကိရိယာ – ဒီဇိုင်း အရည်အသွေးနှင့် အမျိုးအစားအတည်ပြုခြင်း

၂၉။ MMS IEC 62109 – 2:2011 ဖိုတိုဗို့လ်တစ် လျှပ်စစ်ဓာတ်အားစနစ်များတွင် အသုံးပြုရန် ဒီစီမှ အေစီ လျှပ်မျိုးပြောင်းကိရိယာများအတွက် ဘေးအန္တရာယ်ကင်းရှင်းရေး – အပိုင်း(၂) ဒီစီမှ အေစီ လျှပ်မျိုးပြောင်းကိရိယာများအတွက် သီးခြားလိုအပ်ချက်များ

၃၀။ MMS IEC 62116:2014 အများပြည်သူသုံး ဓာတ်အားလိုင်းနှင့် ချိတ်ဆက်ထားသော ဖိုတိုဗို့လ်တစ် လျှပ်မျိုးပြောင်းကိရိယာများ– အများပြည်သူသုံး ဓာတ်အားလိုင်း ပြတ်တောက်သွားသော်လည်း လျှပ်မျိုးပြောင်းကိရိယာမှ လျှပ်စစ်ဓာတ်အားဆက်လက်ထုတ်လွှတ်နေပြီး ဓာတ်အားဖြန့်ဖြူးနေခြင်းကို တားဆီးကာကွယ်ရေး အစီအမံများနှင့်ပတ်သက်၍ စမ်းသပ်သည့် လုပ်ငန်းစဉ်

၃၁။ MMS IEC 62196–1:2025 လျှပ်စစ်သုံးယာဉ်၏ လျှပ်ကူးအားသွင်းသည့်ပလပ်များ၊ ပလပ်ပေါက်များ၊ ချိတ်ဆက်ပစ္စည်းများနှင့် ယာဉ်အားသွင်းပေါက်များ – အပိုင်း (၁) – အထွေထွေလိုအပ်ချက်များ

၃၂။ MMS IEC 62196–2:2025 လျှပ်စစ်သုံးယာဉ်၏ လျှပ်ကူးအားသွင်းသည့်ပလပ်များ၊ ပလပ်ပေါက်များ၊ ချိတ်ဆက်ပစ္စည်းများနှင့် ယာဉ်အားသွင်းပေါက်များ – အပိုင်း (၂) – အေစီငုတ်နှင့် ချိတ်ဆက်ပြွန် ဆက်စပ်ပစ္စည်းများအတွက် တွဲဖက်အသုံးပြုနိုင်သည့် အတိုင်းအတာ လိုအပ်ချက်များ

၃၃။ MMS IEC TS 62196–3–1:2020 လျှပ်စစ်သုံးယာဉ်၏ လျှပ်ကူးအားသွင်းသည့်ပလပ်များ၊ ပလပ်ပေါက်များ – ချိတ်ဆက်ပစ္စည်းများနှင့် ယာဉ်အားသွင်းပေါက်များ – လျှပ်စစ်သုံးယာဉ်များ လျှပ်ကူးအားသွင်းခြင်း – အပိုင်း (၃–၁) – အပူစီမံခန့်ခွဲမှုစနစ်တွင် ဒီစီလျှပ်ကူးအားသွင်းရန်အတွက် ယာဉ်ချိတ်ဆက်ပစ္စည်းများ၊ ယာဉ်အားသွင်းပေါက်များနှင့် ကေဘယ်(လ်) အစုအဖွဲ့များ

၃၄။ MMS IEC 62281:2019 သယ်ယူပို့ဆောင်ခြင်းတွင် မူလနှင့် ဆင့်ပွားလစ်သီယမ်–အိုင်းယွန်း ဆဲလ်များနှင့် ဘက်ထရီများအတွက် ဘေးအန္တရာယ်ကင်းရှင်းရေး

၃၅။ MMS IEC TR 62660–4:2017 လျှပ်စစ်သုံးယာဉ်များကို တွန်းကန်ရန်အတွက် အသုံးပြုသည့် ဆင့်ပွားလစ်သီယမ်–အိုင်းယွန်း ဆဲလ်များ – အပိုင်း (၄) – IEC 62660–3 ၏ အတွင်းပိုင်းပတ်လမ်း စမ်းသပ်ခြင်းအတွက် သီးခြားအစားထိုး စမ်းသပ်နည်းများ

၃၆။ MMS IEC 62752:2024 လမ်းပေါ်ရှိ လျှပ်စစ်သုံးယာဉ်များကို အားသွင်းခြင်းပုံစံ (၂) အတွက် ကေဘယ်(လ်)ကြိုးအတွင်း ထိန်းချုပ်မှုနှင့် အကာအကွယ်ကိရိယာ (IC–CPD)

၃၇။ MMS IEC 62893–1:2017 ၀.၆/၁ ကီလိုဗို့အထိ အဆင့်သတ်မှတ်ထားသော ဗို့အားများအတွက် လျှပ်စစ်သုံးယာဉ်များအတွက် အားသွင်းကြိုးများ – အပိုင်း (၁)– အထွေထွေလိုအပ်ချက်များ

၃၈။ MMS IEC 62893–2:2017 ၀.၆/၁ ကီလိုဗို့အထိ အဆင့်သတ်မှတ်ထားသော ဗို့အားများအတွက် လျှပ်စစ်သုံးယာဉ်များအတွက် အားသွင်းကြိုးများ – အပိုင်း(၂) – စမ်းသပ်ခြင်းနည်းလမ်းများ

၃၉။ MMS IEC 62893–3:2017 ၀.၆/၁ ကီလိုဗို့အထိ အဆင့်သတ်မှတ်ထားသော ဗို့အားများအတွက် လျှပ်စစ်သုံးယာဉ်များအတွက် အားသွင်းကြိုးများ – အပိုင်း (၃)– ၄၅၀/၇၅၀ ဗို့အားအထိ အဆင့်သတ်မှတ်ထားသည့် ဗို့အားများဖြစ်သော IEC 61851–1 အားသွင်းခြင်းပုံစံ ၁၊ ၂ နှင့် ၃ အရ AC အားသွင်းခြင်းအတွက် ကေဘယ်(လ်)များ

၄၀။ MMS IEC 62909–1:2025 နှစ်ထပ် ဂရစ်ချိတ်ဆက်ထားသော ပါဝါလွှဲပြောင်းစက်များ–အပိုင်း(၁)–အထွေထွေနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ လိုအပ်ချက်များ

၄၁။ MMS IEC 62909–2:2019 နှစ်ထပ်ဂရစ်ချိတ်ဆက်ထားသော ပါဝါပြောင်းစက်များ – အပိုင်း (၂) – GCPC ၏ မျက်နှာပြင်နှင့် ဖြန့်ဝေထားသော စွမ်းအင်အရင်းအမြစ်များ

၄၂။ MMS IEC 63110–1:2022 လျှပ်စစ်သုံးယာဉ်များကို အားသွင်းခြင်းနှင့် အားသွင်းခြင်းဆိုင်ရာ အခြေခံအဆောက်အအုံများကို စီမံခန့်ခွဲခြင်းအတွက် အစီအစဉ် – အပိုင်း (၁)– အခြေခံအဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ အသုံးပြုမှုကိစ္စရပ်များနှင့် တည်ဆောက်ပုံများ

၄၃။ MMS IEC 63119–1:2025 လျှပ်စစ်သုံးယာဉ်အားသွင်းခြင်း roaming ဝန်ဆောင်မှုအတွက် အချက်အလက်ဖလှယ်ခြင်း– အပိုင်း (၁) – အထွေထွေ

၄၄။ MMS IEC 63330–1:2024 စွန့်ပစ်ဘက်ထရီများ ပြန်လည်အသုံးချခြင်း – အပိုင်း (၁) – အထွေထွေလိုအပ်ချက်များ

၄၅။ MMS ISO 6469–1:2019 လျှပ်စစ်သုံးယာဉ်များ– ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သတ်မှတ်ချက်များ– အပိုင်း (၁) – အားပြန်ဖြည့်နိုင်သော စွမ်းအင်သိုလှောင်မှုစနစ် (RESS)

၄၆။ MMS ISO 6469–2:2022 လျှပ်စစ်သုံးယာဉ်များ– ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သတ်မှတ်ချက်များ– အပိုင်း (၂) – ယာဉ်အသုံးပြုနေစဉ် ဘေးအန္တရာယ်ကင်းရှင်းရေး

၄၇။ MMS ISO 6469–3:2021 လျှပ်စစ်သုံးယာဉ်များ – ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သတ်မှတ်ချက်များ–အပိုင်း(၃)– လျှပ်စစ်ဘေးအန္တရာယ်ကင်းရှင်းရေး

၄၈။ MMS ISO 6469–4:2015 လျှပ်စစ်သုံးယာဉ်များ – ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သတ်မှတ်ချက်များ – အပိုင်း (၄) – မတော်တဆဖြစ်ပြီးစဉ် လျှပ်စစ်ဘေးအန္တရာယ်ကင်းရှင်းရေး

၄၉။ MMS ISO 7588–1:1998 လမ်းအသုံးပြုယာဉ်များ – လျှပ်စစ်/အီလက်ထရောနစ် ခလုတ်ထိန်းကိရိယာများ– အပိုင်း (၁) – ရီလေးများနှင့် ဖွင့်ပိတ်အချက်ပြမီးများ

၅၀။ MMS ISO 7588–2:1998 လမ်းအသုံးပြုယာဉ်များ – လျှပ်စစ်/အီလက်ထရောနစ် ခလုတ်ထိန်းကိရိယာများ– အပိုင်း (၂) – အီလက်ထရောနစ်ကိရိယာများ


**(ဆက်လက်ဖော်ပြပါမည်)**

# Digital Smart မီတာအသစ်လျှောက်ထားခြင်းများအတွက် အသုံးပြုနည်းလမ်းညွှန်ချက်များ

(ယမန်နေ့မှအဆက်)

**(ဂ) စကားဝှက်မေ့လျော့နေပါက ပြန်လည်ရယူခြင်း**

လျှောက်ထားသူသည် စကားဝှက်မေ့လျော့နေပါက **"စကားဝှက် မေ့နေပါသလား။"** ဟူသော Click နှိပ်ပါ။ စကားဝှက်ပြန်လည်ရယူရန်အတွက် အကောင့်ဖွင့်လှစ်စဉ်က အသုံးပြုခဲ့သည့် အီးမေးလ်လိပ်စာ (သို့မဟုတ်) ဖုန်းနံပါတ်ကို ဖောင်တွင် မှန်ကန်စွာ ဖြည့်သွင်းရမည်ဖြစ်ပါသည်။ ထို့နောက် လုံခြုံရေးစစ်ဆေးမှုအတွက် **"ကျွန်ုပ်က စက်ရုပ်မဟုတ်ပါ"** (reCAPTCHA) ဟူသော အမှတ်အသားကွက်ကို အမှန်ခြစ်ပေးရမည်ဖြစ်ပါသည်။ လိုအပ်သောအချက်အလက်များ ပြည့်စုံစွာ ဖြည့်သွင်းပြီးပါက **"စကားဝှက် ပြန်လည်သတ်မှတ်လင့်ခ်ပို့မည်"** သို့မဟုတ် **"အတည်ပြုကုဒ်ပို့မည်"** ဟူသော Click နှိပ်ပါ။




ပုံ(၅) စကားဝှက်ပြောင်းရန် ဖောင်ပုံစံ

စကားဝှက်ပြောင်းရန်အတွက် မိမိရွေးချယ်ခဲ့သည့် စနစ်အလိုက် အောက်ပါအတိုင်း ဆက်လက်ဆောင်ရွက်ရပါမည်။

(၁) ဖြည့်သွင်းခဲ့သော အီးမေးလ်လိပ်စာထံသို့ MOEE Support Team မှ ပေးပို့လာမည့်အီးမေးလ်ကို ဝင်ရောက်စစ်ဆေးပြီး **"Reset Password"** ဟူသော စာသားကို Click နှိပ်ပြီး စကားဝှက်ပြောင်းလဲသတ်မှတ်မှုကို အတည်ပြုဆောင်ရွက်ပါ။

(၂) ဖြည့်သွင်းခဲ့သော ဖုန်းနံပါတ်ထံသို့ SMS မှတစ်ဆင့် (၆) လုံးပါဝင်သော ကုဒ်နံပါတ် (6-Digit Code) ပေးပို့မည်ဖြစ်ပြီး အဆိုပါကုဒ်ကို စနစ်တွင် ရိုက်နှိပ်၍ **"Reset Password"** ဟူသော ခလုတ် (Button) နှိပ်ပြီး စကားဝှက်ပြောင်းလဲသတ်မှတ်မှုကို အတည်ပြုဆောင်ရွက်ပါ။




ပုံ(၆) စကားဝှက်ပြောင်းရန် ဖောင်ပုံစံ

အီးမေးလ် သို့မဟုတ် ဖုန်းနံပါတ်သို့ ပေးပို့လာသော စကားဝှက်ပြန်လည်သတ်မှတ်ခြင်း အတည်ပြုချက်ကို လုပ်ဆောင်ပြီးပါက စနစ်မှ စကားဝှက်အသစ် သတ်မှတ်ရန် စာမျက်နှာသို့ လမ်းညွှန်ပေးမည်ဖြစ်သည်။

စကားဝှက်ပြန်လည်သတ်မှတ်ရန်စာမျက်နှာတွင် မိမိ၏ အီးမေးလ် သို့မဟုတ် ဖုန်းနံပါတ် မှန်ကန်စွာ ပေါ်နေခြင်း ရှိ မရှိ စစ်ဆေးပါ။ ထို့နောက် **"စကားဝှက်"** ကွက်လပ်တွင် မိမိအသုံးပြုလိုသည့် စကားဝှက်အသစ်ကို ဆက်လက်၍ **"စကားဝှက် အတည်ပြုရန်"** ကဏ္ဍတွင် စကားဝှက်ကို ထပ်မံဖြည့်စွက်ပါ။ ဤကဏ္ဍတွင် ရိုက်နှိပ်သည့် စကားဝှက်သည် အထက်တွင်ပေးခဲ့သော စကားဝှက်နှင့် ကိုက်ညီမှုရှိရပါမည်။ လိုအပ်သောအချက်အလက်များ ပြည့်စုံစွာဖြည့်သွင်းပြီးပါက **"စကားဝှက်ပြန်လည်သတ်မှတ်မည်"** ဟူသော Click နှိပ်၍ စကားဝှက်ပြန်လည်သတ်မှတ်ခြင်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်ပါသည်။ ထို့နောက် အကောင့်ဝင်ရန် စာမျက်နှာ (Login Form) တွင် မိမိတို့ အကောင့်ဖွင့်လှစ်စဉ်က အသုံးပြုခဲ့သည့် အီးမေးလ်လိပ်စာ (သို့မဟုတ်) ဖုန်းနံပါတ်နှင့် စကားဝှက်အသစ် (New Password) တို့ကို မှန်ကန်စွာ ဖြည့်သွင်းရမည်။ ထို့နောက် လုံခြုံရေးစစ်ဆေးမှုအတွက် **"ကျွန်ုပ်က စက်ရုပ်မဟုတ်ပါ"** (reCAPTCHA) ဟူသော အမှတ်အသားကွက်ကို အမှန်ခြစ်ပေးရပါမည်။ လိုအပ်သော အချက်အလက်များ ပြည့်စုံစွာဖြည့်သွင်းပြီးပါက **"အကောင့်ဝင်မည်"** ဟူသော Click နှိပ်၍ စနစ်အတွင်းသို့ ဝင်ရောက်နိုင်ပါသည်။




ပုံ(၇) စကားဝှက်ပြောင်းရန် ဖောင်ပုံစံ

**(ဃ) ကိုယ်ရေးအချက်အလက်များ (အမည်၊ အီးမေးလ်၊ ဖုန်းနံပါတ်) ပြင်ဆင်ခြင်း**

လျှောက်ထားသူသည် မိမိ၏အမည်၊ အီးမေးလ်နှင့် ဖုန်းနံပါတ်စသည့် ကိုယ်ရေးအချက်အလက်များကို ပြင်ဆင်လိုပါက အောက်ပါအတိုင်း အဆင့်ဆင့်ဆောင်ရွက်နိုင်ပါသည် -

(၁) ညာဘက်အပေါ်ဆုံးထောင့်ရှိ **လူပုံစံ (User Icon)** ကို နှိပ်ပါ။


(၂) ပေါ်လာသော မီနူးဘားမှ **"ဆက်တင်များ" (Settings)** ကို နှိပ်၍ ဝင်ရောက်ပါ။

(၃) ထို့နောက် ဘယ်ဘက်ခြမ်းရှိ **"အကောင့်" (Account)** Tab သည် အလိုအလျောက် Active ဖြစ်နေမည်ဖြစ်ပြီး ညာဘက်ခြမ်းတွင် ကိုယ်ရေးအချက်အလက် ပြင်ဆင်ရန် စာမျက်နှာ ပေါ်လာမည်ဖြစ်ပါသည်။




ပုံ(၈) ကိုယ်ရေးအချက်အလက်ပြင်ဆင်ရန် ဖောင်ပုံစံ

**အမည်ပြင်ဆင်ရန်** - "အမည်" အကွက်တွင် အသစ်ပြင်ဆင်လိုသော အမည်ကို ရိုက်နှိပ်ပြီး **"သိမ်းမည်"** Click နှိပ်ရပါမည်။



ပုံ(၉) အမည်ပြင်ဆင်ရန် ဖောင်ပုံစံ

**အီးမေးလ်လိပ်စာ ပြင်ဆင်ခြင်း**

(၁) အီးမေးလ်လိပ်စာနေရာ၏ဘေးရှိ **"ပြောင်းရန်"** ကို Click နှိပ်ပါ။ ထိုအခါ အီးမေးလ်အသစ်ဖြည့်သွင်းရန် မိုဒယ်ဘောက်စ် (Modal Box) တစ်ခု ပေါ်လာမည်ဖြစ်ပါသည်။


(၂) ပေါ်လာသော မိုဒယ်ဘောက်စ်ရှိ Input Box တွင် မိမိအသုံးပြုလိုသော **အီးမေးလ်အသစ် (New Email)** ကို ရိုက်နှိပ်ထည့်သွင်းပေးပါ။

(၃) ထို့နောက် **"ကုဒ်ပေးပို့မည်"** ကို Click နှိပ်ပါ။ MOEE Support Team မှ ဖြည့်သွင်းလိုက်သော အီးမေးလ်အသစ်ထံသို့ ဂဏန်း(၆) လုံးပါဝင်သော ကုဒ်နံပါတ် (6 digit code) ကို ပေးပို့မည်ဖြစ်ပါသည်။

(၄) အီးမေးလ်ထဲသို့ ရောက်ရှိလာသော ဂဏန်း(၆) လုံးပါ ကုဒ်နံပါတ်ကို စနစ်တွင် ရိုက်နှိပ်ပြီး **"အတည်ပြုမည်"** ကို Click နှိပ်ပါ။

(၅) ကုဒ်နံပါတ် မှန်ကန်စွာဖြည့်သွင်းပြီးပါက အီးမေးလ်လိပ်စာ ပြောင်းလဲခြင်း လုပ်ငန်းစဉ် အောင်မြင်စွာ ပြီးဆုံးမည်ဖြစ်ပါသည်။

**အထူးသတိပြုရန်** - နောက်တစ်ကြိမ် စနစ်အတွင်းသို့ ပြန်လည်ဝင်ရောက်ခြင်း Login ပြုလုပ်သည့်အခါတွင် **"အီးမေးလ်အသစ်"** နှင့် **"မူလလျှို့ဝှက်နံပါတ် (Old Password)"** တို့ကို အသုံးပြု၍ ဝင်ရောက်ရမည်ဖြစ်ပါသည်။




ပုံ(၁၀) အီးမေးလ်လိပ်စာပြင်ဆင်ရန် ဖောင်ပုံစံ

(ဆက်လက်ဖော်ပြပါမည်)

# ပဲခူးမြို့၌ ရဲတပ်ဖွဲ့ဝင်မိသားစုများအတွက် စက်ချုပ်နည်းပညာသင်တန်း ဖွင့်လှစ်



ပဲခူး သြဂုတ် ၂၇

ပဲခူးခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့မှ ရဲတပ်ဖွဲ့ဝင်မိသားစုသင်တန်းသူ ၃၀ အတွက် စက်ချုပ်နည်းသင်တန်းကိုသြဂုတ် ၂၇ရက်မှ အောက်တိုဘာ ၁၂ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး အမျိုးသမီးဝတ်အင်္ကျီ၊ လုံချည်၊ အမျိုးသားဝတ်ရှပ်အင်္ကျီ ချုပ်နည်းများကို ကိုယ်တိုင်ချုပ်လုပ်နိုင်သည်အထိ စာတွေ့၊ လက်တွေ့သင်ကြားမည်ဖြစ်ကြောင်းနှင့် ထူးချွန်သည့် သင်တန်းသူ ၁၀ ဦးအား သင်တန်းဆင်းသည့်အခါ လုပ်ငန်းထူထောင်လုပ်ကိုင်နိုင်ရန် တစ်ဦးလျှင် ငွေကျပ် ၁၄ သိန်းနှင့်ညီမျှသည့် လုပ်ငန်းသုံး စက်ပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်သွားမည်ဖြစ်သည်။

**အမှာစကားပြောကြား**

အဆိုပါ စက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ပဲခူးမြို့ မြို့တော်ခန်းမ၌ကျင်းပဖွင့်လှစ်ပြီး သင်တန်းများမှ ကျေးလက်နေပြည်သူများအတွက် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းသုံးပစ္စည်းများပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

ဆက်လက်၍ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ဝေါမြို့နယ် ပြွန်စုကျေးရွာ၊ ကဝမြို့နယ် ပင်ကလောင်ကျေးရွာတို့၌ ဖွင့်လှစ်ခဲ့သည့် စက်ချုပ်နည်းသင်တန်း၊ မော်တော်ဆိုင်ကယ်ပြုပြင် ထိန်းသိမ်းနည်းသင်တန်းနှင့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းတို့မှ ထူးချွန်သင်တန်းသူများအား ဒေသဖွံ့ဖြိုးရေး လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပြီး ပြသထားသည့် လုပ်ငန်းသုံးပစ္စည်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဇီးကုန်းမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

ဇီးကုန်း သြဂုတ် ၂၇

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဇီးကုန်းမြို့နယ်ရုံးမှ လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်ထုတ်ပေးခြင်းတို့ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းအေးနှင့်ဝန်ထမ်းများက သြဂုတ် ၂၆ ရက်က ဇီးကုန်းမြို့နယ် အထက (မြို့မ)၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဇီးကုန်းမြို့နယ်ဦးစီးမှူးရုံး ဦးစီးမှူး ဦးထွန်းအေးနှင့် ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းနှင့် Biometric ကောက်ယူ၍ UID ကတ်ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းထွန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန နတ်တလင်းခရိုင်ဦးစီးမှူး ဦးဝေမျိုးသက်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးသက်အောင်၊ ကျောင်းအုပ်ဆရာကြီး ဦးအောင်မျိုးသန့်တို့က ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူ ၉၁ ဦးအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ပြားများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။ **တင့်ဆွေ(ပြန်/ဆက်)**



# အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းမှ လုပ်ငန်းထူထောင်လိုသည့် ထူးချွန်သင်တန်းသူများအား လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်



မုံရွာ သြဂုတ် ၂၇

စစ်ကိုင်းတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် "အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်း" တို့မှ လုပ်ငန်းထူထောင်လိုသည့် ထူးချွန်သင်တန်းသူများအား လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်သည်။

အဆိုပါ လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေးနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်၍ စက်ချုပ်နည်းပညာ သင်တန်းအတွက် အပ်ချုပ်စက်ပစ္စည်းများ၊ သဘာဝဆိုးဆေးနှင့် Botanical Printing လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ကာ သင်တန်းသူများ ချုပ်လုပ်ထားသည့် အဝတ်အထည်များ၊ စားသောက်ကုန်များ၊ ဒေသဖွံ့ဖြိုးရေးသုံး ပစ္စည်းများနှင့် သင်ထောက်ကူ ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုအားပေးသည်။

အလားတူ ယမန်နေ့ညနေပိုင်းက မုံရွာမြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား တက္ကသိုလ်၊ ကောလိပ် ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် စစ်ကိုင်းပညာရေးတက္ကသိုလ် ဘောလုံးအသင်းနှင့် မုံရွာတက္ကသိုလ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးပြီး ဆုရအသင်းများနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဂိုးသမား၊ နေရာအလိုက် အကောင်းဆုံးအားကစားသမားများကိုတစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြိတ်မြို့၌ အခွန်ဆိုင်ရာကိစ္စရပ်များ ရှင်းလင်းဆွေးနွေး

မြိတ် သြဂုတ် ၂၇

နိုင်ငံတော်မှ ရသင့်ရထိုက်သည့် အခွန်ငွေများ အပြည့်အဝရရှိစေရေးအတွက် အခွန်ပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မြိတ်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ပြုလုပ်သည်။

ရှင်းလင်းဆွေးနွေးပွဲတွင် တနင်္သာရီတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး သူရဦးထင်ကျော်မိုးက ကောက်ခံလျက်ရှိသည့် အခွန်ဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး မြိတ်မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးလှဌေးဦးက အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရမည့် လုပ်ငန်းစဉ်များနှင့် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရာတွင် လိုက်နာရမည့်အချက်များကို ပညာပေးဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာကြသူများအား ပြေစာအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ အခွန်ပညာပေးလက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**




# မိုးနဲမြို့နယ်၌ တရားမဝင်လျှပ်စစ်ဓာတ်အား သုံးစွဲမှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေး



မိုးနဲ သြဂုတ် ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု လျော့နည်းရေးနှင့် တရားမဝင် ဓာတ်အားသုံးစွဲမှု ရှိ/မရှိကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

လင်းခေးခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်ဇော်ဇော်မျိုး ဦးဆောင်၍ မိုးနဲမြို့နယ်လျှပ်စစ်မှူး ဦးသိန်းသန်းစိုးနှင့် လျှပ်စစ်ဝန်ထမ်းများက လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှု ၊တရားမဝင်ဓာတ်အားသုံးစွဲမှုရှိ/မရှိနှင့် လျှပ်စစ်ဓာတ်အားသုံးစွဲသူ ပြည်သူများအနေဖြင့် မသမာသောနည်းလမ်းများကို အသုံးပြု၍ တရားမဝင်ဓာတ်အားသုံးစွဲမှုများ မပြုလုပ်စေရေးအတွက် မြို့နယ်အတွင်းရှိ စီတီ/ပါဝါ/ အိမ်သုံးမီတာများကို မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# လူမှုကွန်ရက်ပေါ်တွင် လိင်တူအချင်းချင်း ချစ်ကြိုက်သည့် BL(Boys’ Love), GL (Girls’ Love ) စာအုပ်များကြော်ငြာရောင်းချနေသည့် Facebook Page များအား အသိပေးကြေညာခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာနသည် ၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် အောက်ဖော်ပြပါ Facebook Page (၉) ခုသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ ပုဒ်မ ၁၁၊ ပိုဒ်မခွဲ(ခ)ပါ “ပြည်တွင်း၌ ပုံနှိပ်ထုတ်ဝေခြင်းဖြစ်ပါက ထုတ်ဝေသူသည် ၎င်းထုတ်ဝေသော မည်သည့်ထုတ်ဝေစာကိုမဆို မှတ်ပုံတင်စာရင်း ရေးသွင်းခြင်းနှင့် မူပိုင်ခွင့်လုပ်ငန်းများဆောင်ရွက်နိုင်ရန် သတ်မှတ်ချက်များနှင့်အညီ ဝန်ကြီးဌာနသို့ ပေးပို့ရမည်”ဆိုသည့် ပြဋ္ဌာန်းချက်ကိုလည်းကောင်း၊ ပုဒ်မ ၁၅ ပါ “မည်သူမျှ သက်ဆိုင်ရာလုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိဘဲ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းသို့မဟုတ် သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရ”ဆိုသည့် တားမြစ်ချက်ကိုလည်းကောင်း၊ ဖောက်ဖျက်ကျူးလွန်သည့်အပြင် မြန်မာ့ယဉ်ကျေးမှုနှင့် ကိုက်ညီခြင်းမရှိဘဲ လူငယ်များ၏ တွေးခေါ်မြော်မြင်မှုနှင့် ခံစားနားလည်မှုကို လွဲမှားစေနိုင်သော လိင်တူအချင်းချင်းချစ်ကြိုက်သည့် BL(Boys’ Love), GL (Girls’ Love) စာအုပ်များကို ရောင်းချနေသည့် တရားမဝင်စာမျက်နှာများဖြစ်ကြောင်း တွေ့ရှိရပါသည်-

| စဉ် | အမည် | Facebook Page Link | Telegram Link | TikTok Link | မှတ်ချက် |
|---|---|---|---|---|---|
| (က) | ရွှေအိမ်စာပေ | https://www.facebook.com/share/p/1CiwhaS2oz/ | - | https://www.tiktok.com/@shweeain12200?r=1&t=ZS-98ys3wpxTme | ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေနှင့်အညီ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် ရယူထားမှုမရှိခြင်း၊ ထုတ်ဝေစာများကို ဝန်ကြီးဌာနသို့ ပေးပို့ထားခြင်း မရှိသည့်အပြင် ပုံနှိပ်မှတ်တမ်းဖော်ပြထားခြင်း မရှိသော BL (Boys’ Love), GL (Girls’ Love) စာအုပ်များကို အွန်လိုင်းတွင် ကြော်ငြာ ရောင်းချနေခြင်း။ |
| (ခ) | ဆူးခေတ် စာပေ | https://www.facebook.com/share/p/1946LzyTJt/ | @hsuukbook (Personal Acc) | https://www.tiktok.com/@hsuukhit?r=1&t=ZS-98ys H6qSFWv | ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေနှင့်အညီ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် ရယူထားမှုမရှိခြင်း၊ ထုတ်ဝေစာများကို ဝန်ကြီးဌာနသို့ ပေးပို့ထားခြင်းမရှိသည့်အပြင် ပုံနှိပ်မှတ်တမ်းဖော်ပြထားခြင်း မရှိသော BL (Boys’ Love), GL (Girls’ Love) စာအုပ်များကို အွန်လိုင်းတွင် ကြော်ငြာ ရောင်းချနေခြင်း။ |
| (ဂ) | Chi စာပေ | https://www.facebook.com/share/p/1BhU2PQGSx | t.me/Qi sarpay | https://www.tiktok.com/@chi42299?r=1&t=ZS-98ys RadyfJ6 | ။ |
| (ဃ) | ဘဝထက် စာပေ | https://www.facebook.com/share/p/1DMhy3tXWA/ | t.me/bowa htet sarpay85 | https://www.tiktok.com/@bawa htet sarpay?r=1&t=ZS-98yse3r0yLV | ။ |
| (င) | ဧရိပ်-A Yeik | https://www.facebook.com/share/p/1EiNLPJCtZ/ | https://t.me/ayeik book land | https://www.tiktok.com/@ayeik?r=1&t=ZS- 98 yspUr 1ANI | ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေနှင့်အညီ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် ရယူထားမှုမရှိခြင်း၊ ထုတ်ဝေစာများကို ဝန်ကြီးဌာနသို့ ပေးပို့ထားခြင်းမရှိသည့်အပြင် ပုံနှိပ်မှတ်တမ်းဖော်ပြထားခြင်း မရှိသော BL (Boys’ Love), GL (Girls’ Love) စာအုပ်များကို အွန်လိုင်းတွင် ကြော်ငြာ ရောင်းချနေခြင်း။ |
| (စ) | Alora Eleven Book House | https://www.facebook.com/share/p/1LD4Y5bocx/ | https://t.me/alora eleven book house | https://www.tiktok.com/@aloraeleven bookhouse?r=1& t=ZS-98ysvqnip WO | ။ |
| (ဆ) | Libra BookShop (Chuu Sein) | https://www.facebook.com/share/p/1BhRSd W96M/ | https://t.me/librabook shop 131124 | https://www.tiktok.com/@daw.chuu.sein?r=1& t=ZS-98yt0ze2x3U | ။ |
| (ဇ) | Nway Oo Kant Kaw-နွေဦးကံ့ကော်စာအုပ်ဆိုင် | https://www.facebook.com/share/p/1DBUaZbRBN/ | https://t.me/Nwayookant kawbook | https://www.tiktok.com/@nwa yookant kaw bookshop?r=1&t=ZS-98 yt4B QnGq5 | ။ |
| (ဈ) | Z For Zodiac | https://www.facebook.com/share/p/18jzmoddiS/ | @zforzodiac 25 | https://www.tiktok.com/@zforzodiac3?r=1&t=ZS-98yt905 eN3k | ။ |

၂။ ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ထုတ်ဝေစာများအား ဖတ်ရှုလေ့လာ၍ စိစစ်ကြပ်မတ်လျက်ရှိပါကြောင်းနှင့် အဆိုပါ ဥပဒေစည်းကမ်းချက်များကို ဖောက်ဖျက်ကျူးလွန်သော ထုတ်ဝေစာများကို ထုတ်ဝေသည့် ပုံနှိပ်သူ၊ ထုတ်ဝေသူများ၊ ပုံနှိပ် မှတ်တမ်းဖော်ပြထားခြင်းမရှိသည့် တရားမဝင်ထုတ်ဝေစာများကို ရောင်းချနေသည့် စာအုပ်အရောင်းဆိုင်များအား တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ ပုံနှိပ်သူ၊ ထုတ်ဝေသူများနှင့် BL(Boys’ Love),GL(Girls’ Love) စာအုပ်များအား ရောင်းချနေသည့် တရားမဝင်စာအုပ်အရောင်းဆိုင်များ၊ Facebook Page များအနေဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကို လေးစားလိုက်နာကြရန်နှင့် ဥပဒေပါစည်းကမ်းချက်များကို ဖောက်ဖျက်နေသည့် ထုတ်ဝေစာများကို ရောင်းချခြင်းပြုလုပ်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ဗဟန်းမြို့နယ် ရွှေနံ့သာရောင်းဝယ်ရေးသမဝါယမအသင်း အမှုဆောင် ပြန်လည်ရွေးချယ်

ရန်ကုန် ဩဂုတ် ၂၇

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရွှေနံ့သာရောင်းဝယ်ရေးသမဝါယမအသင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ပြန်လည်ရွေးချယ်ပွဲကို ယနေ့ မွန်းလွဲပိုင်းက ဗဟန်းမြို့နယ် ကြေးသွန်းဘုရားကြီး တန်ဆောင်းအတွင်း ခန်းမ၌ ကျင်းပသည်။

ဦးစွာ အသင်းဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ရီက အသင်း၏ လုပ်ငန်းဆောင်တာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသင်းမှ အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့်ဘဏ္ဍာရေးရှင်းတမ်းများ ဖတ်ကြားတင်ပြပြီး အတည်ပြုချက်ရယူသည်။

ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိက သမဝါယမအသင်း ဥပဒေအရ အမှုဆောင်များ ရွေးချယ်တင်မြှောက်ရာတွင် လိုက်နာရမည့် စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များကို ရှင်းလင်းပြောကြားပြီး အမှုဆောင်သစ် ခုနစ်ဦးအား အတည်ပြုချက်ရယူသည်။ ယင်းနောက် အသင်းသားများအား အစုပေါ်အမြတ်နှင့် လက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အာကာ**

## စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ရွှေဒါးကျကျေးရွာရှိ ရွှေသိမ်တော်ဘုန်းကြီးကျောင်းမှ လက်ထောက်ကျောင်းထိုင်ဆရာတော်အား PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ရက်စက်စွာ ဖမ်းဆီးနှိပ်စက်သတ်ဖြတ်

နေပြည်တော် ဩဂုတ် ၂၇

NUG ၊ CRPH အကြမ်းဖက်အဖွဲ့များသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်၊ ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုများ နှောင့်နှေးစေရန်နှင့်မြို့၊ ရွာများအတွင်း တိုက်ပွဲများဖော်ဆောင်ရန်အတွက် သွေးထိုးမြှောက်ပင့်ပေးမှုများကြောင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် ဒေသအချို့၌ အုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အေးချမ်းစွာ နေထိုင်ကြသည့် ပြည်သူအချို့အား ခေါင်းစဉ်အမျိုးမျိုးတပ်၍ ဖမ်းဆီး၊ နှိပ်စက်၊ သတ်ဖြတ်ခြင်းများကို ဥပဒေမဲ့ကျူးလွန်လျက်ရှိသည့်အပြင် အေးချမ်းစွာ တရားဘာဝနာပွားများအားထုတ်လျက်ရှိသော သံဃာတော်များကိုလည်း ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် ဖမ်းဆီးနှိပ်စက် သတ်ဖြတ်ခြင်းများကို ယုတ်မာရိုင်းစိုင်းစွာ ကျူးလွန်လျက်ရှိကြသည်။

ထိုသို့ အကြမ်းဖက်မှုများလုပ်ဆောင်လျက်ရှိရာ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ၃၀ ခန့်သည် ဩဂုတ် ၁၈ ရက် ညပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် မုံရွာ- ရေစကြိုကားလမ်းပေါ်၌ တည်ရှိသည့် ရွှေဒါးကျကျေးရွာရှိ ရွှေသိမ်တော်ဘုန်းကြီးကျောင်းသို့ လက်နက်များ ကိုယ်စီကိုင်ဆောင်၍ ရောက်ရှိလာပြီး လက်ထောက်ကျောင်းထိုင်ဆရာတော် အရှင်ဣန္ဒာစာရ၊ သက်တော်(၅၂)နှစ်၊ ဝါတော်(၂၂)ဝါနှင့် အဆိုပါကျေးရွာတွင် နေထိုင်သူများဖြစ်ကြသည့် ဦးမြင့်ဆွေ(၆၀)နှစ်၊ ဒေါ်နီလာထွန်း(၄၂)နှစ်၊ ဦးမျိုးနိုင်(၆၀)နှစ်၊ ဦးသဲမောင်ဆွေ(၂၄)နှစ်၊ ဦးမျိုးထွန်းအောင်(၃၈)နှစ်၊ ဦးသက်ထွေး(၂၃)နှစ် စုစုပေါင်း ခုနစ်ဦးအား လိုရာဆွဲခေါင်းစဉ်တပ်၍ မထိသာကျေးရွာဘက်သို့ အကြမ်းဖက်ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး ဩဂုတ် ၁၉ ရက် နံနက်ပိုင်းတွင် ဖမ်းဆီးထားသူ ခုနစ်ဦးအနက်မှ ဦးမျိုးထွန်းအောင်နှင့် ဦးသက်ထွေးတို့နှစ်ဦးအား ပြန်လည်စေလွှတ်ပေးခဲ့သည်။ ဆက်လက်၍ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် ဩဂုတ် ၂၄ ရက် ညပိုင်းတွင် ကျေးရွာနေ ပြည်သူများဖြစ်ကြသည့် ဦးမြင့်ဆွေ (၆၅)နှစ်၊ ဦးမှတ်တင်(၆၃)နှစ်နှင့် ဦးမြတ်ထွန်း(၇၀)နှစ်တို့ သုံးဦးအား ထပ်မံဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြသဖြင့် စုစုပေါင်း ဆရာတော်တစ်ပါးနှင့် အပြစ်မဲ့ဒေသခံပြည်သူ ခုနစ်ဦးတို့အား ဖမ်းဆီးခေါ်ဆောင်ထားကြောင်း သိရသည်။

ထိုသို့ဖမ်းဆီးသွားပြီးနောက် အကြမ်းဖက်သမားများက ဆရာတော် အရှင်ဣန္ဒာစာရအား လူမဆန်စွာဖြင့် တုတ်ဖြင့်ရိုက်နှက်ခြင်း၊ မီးစနှင့်ထိုးခြင်း၊ လက်ချောင်းနှင့် ခန္ဓာကိုယ်အချို့နေရာများတွင် ဓားဖြင့်လှီးဖြတ်ခြင်းများဖြင့် ရက်စက်စွာ အကြမ်းဖက်နှိပ်စက်မှုများကြောင့် ဆရာတော်သည် ပျံလွန်တော်မူခဲ့ရသည်။ အကြမ်းဖက်သောင်းကျန်းသူများသည် ဆရာတော်၏ရုပ်အလောင်းအား ဩဂုတ် ၂၅ ရက် နံနက်ပိုင်းတွင် မထိသာ ကျေးရွာအနီးသို့ လာရောက်ယူဆောင်ရန်အကြောင်းကြားလာသဖြင့် ကျေးရွာနေပြည်သူများက လူမှုကူညီရေးအသင်း မော်တော်ယာဉ်ဖြင့် သွားရောက်သယ်ဆောင်ခဲ့ပြီး ရွှေဒါးကျကျေးရွာ၌ မီးသင်္ဂြိုဟ်ပေးခဲ့ကြသည်။



PDF အမည်ခံ အကြမ်းဖက်အဖွဲ့က အကြမ်းဖက်ဖမ်းဆီး၍ ရက်စက်စွာ နှိပ်စက်သတ်ဖြတ်ခံခဲ့ရသည့် ဆရာတော် အရှင်ဣန္ဒာစာရ၏ ရုပ်အလောင်းမှတ်တမ်းဓာတ်ပုံ။

အကြမ်းဖက်သမားများက ၎င်းတို့၏ အကြမ်းဖက်ဖမ်းဆီးနှိပ်စက်မှုကြောင့် ဆရာတော်ပျံလွန်တော်မူခဲ့ခြင်းကို ဖုံးကွယ်ဖြေရှင်းနိုင်ရန်အတွက် DCS ပြုလုပ်ထားသည့် ဆရာဝန်တစ်ဦး၏ အကူအညီဖြင့် ဆေးမှတ်တမ်းများ အတုပြုလုပ်ကာ မဟုတ်မမှန်လိမ်လည်ဝါဒဖြန့်ခြင်းများ လုပ်ဆောင်လျက်ရှိကြောင်းနှင့် အပြစ်မဲ့ဒေသခံပြည်သူ ခုနစ်ဦးကိုလည်း ဖမ်းဆီးထားဆဲဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ အများပြည်သူကိုးကွယ်ယုံကြည်ရာဖြစ်သော အေးချမ်းစွာ တရားဘာဝနာ ပွားများအားထုတ်လျက်ရှိသည့် ဆရာတော်အား အောက်တန်းကျစွာ ရက်ရက်စက်စက် နှိပ်စက်သတ်ဖြတ်ခဲ့ကြသည့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများအား ဒေသခံပြည်သူများက ရွံရှာစက်ဆုပ် မုန်းတီးလျက်ရှိကြောင်း၊ အဆိုပါ အကြမ်းဖက်လုပ်ရပ်အပေါ် လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်လည်း အဆိုပါအကြမ်းဖက်သောင်းကျန်းသူများအား လိုအပ်သည့်တုံ့ပြန်မှုများ ဆောင်ရွက်နိုင်ရေး ဒေသခံပြည်သူများနှင့် ပူးပေါင်းကာ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## အမျိုးသမီးကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန်စီစဉ်ဆောင်ရွက်ခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် ဩဂုတ် ၂၇

အမျိုးသမီးကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်နှစ် ၂၀ ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ စုစုအေး(ခ) မမေအေးနှင့် ကိုညီတို့ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ် ရပ်ကွက်(၂) ပြည်လုံးချမ်းသာရပ်နေ အမျိုးသမီးတစ်ဦးကို ရှမ်းပြည်နယ် မူဆယ်မြို့နယ် တောင်ရပ်ကွက်နေ မအေးခိုင်(ခ) မိခိုင်နှင့် ခင်ပွန်းဖြစ်သူ စိုင်းရှင်းသန့်ကျော်တို့က တရုတ်ယောကျာ်းပေးစားရန် TikTok အကောင့်မှစည်းရုံးပြီး ရှမ်းပြည်နယ် ကျောက်မဲမြို့ ရပ်ကွက်(၂)နေ စုစုအေး(ခ)မမေအေးနှင့် ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ်နေ ကိုညီတို့နှင့် ချိတ်ဆက်၍ မူဆယ်မြို့မှတစ်ဆင့် တရုတ်နိုင်ငံသို့ပို့ဆောင်၍ တရုတ်အမျိုးသားနှင့် အခမ္မလက်ထပ်စေရန် ပို့ဆောင်ခဲ့ကြောင်း စိစစ်သိရှိရသဖြင့် မူဆယ်မြို့ မရဲစခန်း (ပ)၁၂၃/၂၀၂၆၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး ဩဂုတ် ၂၅ ရက်တွင် မူဆယ်ခရိုင်တရားရုံးမှ ဖမ်းမိတရားခံ စိုင်းရှင်းသန့်ကျော် ကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၂၅၈(၁)အရ အမှုမှအပြီးအပြတ်လွှတ်ရန်နှင့် မအေးခိုင်(ခ)မိခိုင်ကို လူကုန်ကူးမှုတားဆီး နှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ စုစုအေး(ခ)မမေအေး နှင့် ကိုညီတို့ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ ၈၇/၈၈ အတည်ပြု ထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❂ သာစည်မြို့နယ်မှ

ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ စိတ်ကြွဆေးပြားများအား တောင်ကြီးမှ ရန်ကုန်သို့ သယ်ဆောင်ခိုင်းသူမှာ အောင်ပန်းမြို့(၃)ရပ်ကွက်နေ ခွန်ရဲထွဋ်(ခ) ရဲထွဋ်(ဖမ်းဆီးရန်ကျန်) ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့၏ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

သတင်းစဉ်

❒ ကျောဖုံးမှ

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ ကောင်းမှုတံရပ်ကွက်အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများ ရောက်ရှိ နေထိုင်လျက်ရှိကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များက အဆိုပါရပ်ကွက်အတွင်းရှိ နေအိမ်များအား စုံစမ်းရှာဖွေဖော်ထုတ်မှုများ ဆောင်ရွက်ခဲ့ရာ ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်ခန့်တွင် ကောင်းမှုတံရပ်ကွက် ဟိုနားနယ်မြေ မြို့ရှောင်လမ်းရှိ နေအိမ်တစ်လုံးအတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ၁၈ ဦး၊ မြန်မာနိုင်ငံသား အမျိုးသားငါးဦးနှင့် မြန်မာနိုင်ငံသား အမျိုးသမီးရှစ်ဦး စုစုပေါင်း ၃၁ ဦးတို့အား ဖုန်းမျိုးစုံ ၄၂၂ လုံး၊ All In One ကွန်ပျူတာ ၁၈ လုံး၊ Desktop ကွန်ပျူတာ ၂၀ နှင့် ဆက်စပ်ပစ္စည်းများ၊ Star Link နှစ်လုံး၊ Wifi စက်နှစ်လုံး၊ တရုတ်ယွမ် ၂၄၅၀၀၊ Lexus အမျိုးအစား မော်တော်ယာဉ်တစ်စီး၊ Crown အမျိုးအစား မော်တော်ယာဉ်နှစ်စီး၊ ဆိုင်ကယ်မျိုးစုံ သုံးစီး၊ ဆက်စပ်ပစ္စည်းတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။




မူဆယ်မြို့ ကောင်းမှုတံရပ်ကွက်အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ၁၈ ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ငါးဦး၊ အမျိုးသမီး ရှစ်ဦး စုစုပေါင်း ၃၁ ဦးတို့ကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



မူဆယ်မြို့အတွင်း၌ ဖမ်းဆီးရမိသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများကို တွေ့ရစဉ်။



မူဆယ်မြို့အတွင်း၌ သိမ်းဆည်းရမိသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။



# စစ်တွေမြို့ပေါ်ရှိ ကျောင်းတိုက်များမှ ဆရာတော်၊ သံဃာတော်များ၊ သီလရှင်ဆရာကြီး၊ ဆရာလေး ၂၅၀ ကျော်တို့အား ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူ

**စစ်တွေ ဩဂုတ် ၂၇**

ဝါတွင်းကာလ စစ်တွေမြို့ပေါ်ရှိ ကျောင်းတိုက်များမှ ထေရ်ကြီး ဝါကြီး ဆရာတော်ကြီးများနှင့် သံဃာတော်များ၊ သီလရှင်ဆရာကြီး၊ ဆရာလေး၂၅၀ ကျော်တို့အား ဆွမ်းဆန်တော်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူခဲ့သည်။

အဆိုပါ ဆွမ်းဆန်တော်လောင်းလှူပွဲကို ယနေ့ နံနက်ပိုင်းက စစ်တွေမြို့ လောကာနန္ဒာ စေတီတော်မြတ်ကြီး လိုဏ်ဂူတော်အတွင်း၌ ကျင်းပပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ ရခိုင်ပြည်နယ်လွှတ်တော်၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ စစ်တွေတပ်နယ်မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ မြို့မိ မြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင် အလှူရှင်များက လောင်းလှူခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



# မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ရှေးဟောင်းဘုရားစေတီပုထိုးနှင့် သာသနိကအဆောက်အအုံများကို ပြန်လည်ပြုပြင်မွမ်းမံခြင်းများ ဆောင်ရွက်လျက်ရှိ

**မန္တလေး ဩဂုတ် ၂၇**

မန္တလေး ငလျင်ကြီးကြောင့် မန္တလေး တိုင်းဒေသကြီးအတွင်း ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် ရှေးဟောင်းဘုရား စေတီပုထိုးနှင့် သာသနိကအဆောက်အအုံများကိုမန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ အနီးကပ်ကြီးကြပ်မှုဖြင့် အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အဆောက်အဦများ ပြန်လည်ပြုပြင် အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေး ကြီးကြပ်မှု ကော်မတီက ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့် (SOP) နှင့်အညီ ခေတ်မီနည်းပညာများဖြင့် ရှေးမူလက်ရာအတိုင်း ပြန်လည်ပြုပြင် မွမ်းမံခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်အတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအနေဖြင့် ၅၁ ဆူရှိခဲ့ပြီး ငါးဆူပြင်ဆင်ဆောင်ရွက်ပြီးစီး၍ ဆောင်ရွက်ဆဲ ၂၁ ဆူရှိပြီး သမိုင်းဝင်လောကမာန်အောင်ဆုတောင်းပြည့် ရွှေစည်းခုံစေတီတော်မြတ်အား ခေတ်မီနည်းပညာများဖြင့် ရှေးမူလက်ရာအတိုင်း ပြန်လည် ပြုပြင်မွမ်းမံဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် အဂ္ဂမဟာပဏ္ဍိတ ဓမ္မဒူတ ဆရာတော် ဒေါက်တာဘဒ္ဒန္တ ဆေကိန္ဒ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ လိုက်လံကြည့်ရှုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အမရပူရခရိုင် အမရပူရမြို့နယ်ရှိ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းတွင် ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID များ One Stop Service ဖြင့် ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး ကျောင်းသား ကျောင်းသူ ၂၂၀ အတွက် နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များပေးအပ်သည်။

လမင်းစီမံချက်ဖြင့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းများ စတင်ဖွင့်ချိန်မှစ၍ အခြေခံပညာကျောင်းများ၌ အသက်(၁၀)နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ထုတ်ပေးခြင်းကို One Stop Service ဖြင့် ဆောင်ရွက်ပေးခဲ့ရာ ယနေ့အချိန်ထိ တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းပေါင်း ၂၉၀ ကျော်မှ ကျောင်းသားကျောင်းသူ ၅၂၀၈၈ ဦးကျော်ကို ထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အင်္ဂပူမြို့၌ ဆန်၊ ဆီ၊ ကြက်ဥများ ဈေးနှုန်းချိုသာစွာ ရောင်းချပေး

**အင်္ဂပူ ဩဂုတ် ၂၇**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့မဈေးတွင် ယနေ့နံနက်ပိုင်းက မြို့နယ်ကုန်ဈေးနှုန်း တည်ငြိမ်ကျဆင်းရေးကော်မတီက ပြည်သူများအား အခြေခံစားသောက်ကုန်များကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့သည်။



အဆိုပါရောင်းချမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးအောင်ကျော်မိုးနှင့် မြို့နယ်ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေး ကော်မတီဝင်များက ကြည့်ရှုအားပေးပြီး လူတစ်ဦးလျှင် ဆီ ၅၀ ကျပ်သား၊ ဆန်တစ်ပြည်နှင့် ကြက်ဥ လေးလုံးတို့ကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

# မင်းဘူး(စကု)မြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေး ဆွေးနွေး

**မင်းဘူး ဩဂုတ် ၂၇**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ အခွန်ထမ်းလုပ်ငန်းရှင်များအား တည်ဆဲအခွန်ဆိုင်ရာဥပဒေများ၊ ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များအား သိရှိနားလည်စေရန် အခွန်ဆိုင်ရာအသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးထွန်းအောင်ကျော်က တည်ဆဲအခွန်ဆိုင်ရာဥပဒေများ၊ ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများ၏ သိရှိလိုသော မေးမြန်းချက်များကို ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြောင်း သိရသည်။ **မောင်မောင်(မင်းဘူး)**



# ဥတ္တရခရိုင်နှင့် ဇေယျာသီရိခရိုင်တို့ အတွင်းရှိ မြို့နယ်များအတွက် ပိုးသတ်ဆေးများနှင့်စပ်လျဉ်း၍ အသိပေး ရှင်းလင်းဆွေးနွေး



**ပုဗ္ဗသီရိ ဩဂုတ် ၂၇**

စိုက်ပျိုးရေးဦးစီးဌာနက ဥတ္တရခရိုင်နှင့် ဇေယျာသီရိခရိုင်တို့အတွင်းရှိ မြို့နယ်များမှ ပိုးသတ်ဆေးအရောင်းဆိုင်များအား တားမြစ်ထားသည့် ပိုးသတ်ဆေးများနှင့်စပ်လျဉ်း၍ အသိပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီခွဲက ပုဗ္ဗသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ နေပြည်တော်တိုင်းစိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်ကျော်ဦးက စိုက်ပျိုးရေးဦးစီးဌာနမှ တားမြစ်ထားသည့် ပိုးသတ်ဆေးများနှင့်စပ်လျဉ်း၍ အသိပေးရှင်းလင်းဆွေးနွေးပွဲ ဆောင်ရွက်ရခြင်းရည်ရွယ်ချက်များ၊ စိုက်ပျိုးရေးလုပ်ငန်းခွင်အတွင်း တားမြစ်ထားသည့် ဓာတုပိုးသတ်ဆေးများ သုံးစွဲမှုကြောင့် ဖြစ်ပေါ်လာသည့် ဘေးထွက်ဆိုးကျိုးများနှင့် အန္တရာယ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နေပြည်တော်တိုင်းစိုက်ပျိုးရေးဦးစီးဌာန တိုင်းသီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ပြည့်ဖြိုးဝေက တားမြစ်ထားသည့် ပိုးသတ်ဆေးများနှင့် ပိုးသတ်ဆေးသုံးစွဲခြင်းကြောင့် သီးနှံအလိုက် ပိုးသတ်ဆေးဓာတ်ကြွင်းကျန်ရှိမှုအခြေအနေများနှင့် ပိုးသတ်ဆေးသုံးစွဲခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို အသိပညာပေးရှင်းလင်းဆွေးနွေးကာ တက်ရောက်လာကြသူများ၏ ပိုးသတ်ဆေးသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့ပြီး အခမ်းအနားအပြီးတွင် တက်ရောက်လာကြသူများက ခင်းကျင်းပြသထားသော တားမြစ်ထားသည့် ပိုးသတ်ဆေးများနှင့် ပိုးသတ်ဆေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေစာအုပ်များကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။ **အောင်ကို (ပုဗ္ဗသီရိ)**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မူဝါဒများခိုင်မာဖို့ စီမံကိန်းစစ်တမ်းကောက်ယူစို့
# အထောက်အထားအခြေပြု သုံးသပ်မှုဖြင့် မြန်မာ့ပညာရေးအနာဂတ်ကို တည်ဆောက်ခြင်း

ဒေါက်တာ်(သလ္လာမြေ)

**ခိုင်မာသော မူဝါဒများကသာ ခိုင်မာသောပညာရေးကိုတည်ဆောက်နိုင်သည်။**

နိုင်ငံတစ်နိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အရည်အသွေးရှိသော ပညာရေးစနစ်သည် အခြေခံအုတ်မြစ်ဖြစ်သည်။ ပညာရေးသည် လူ့စွမ်းအားအရင်းအမြစ်ကို ဖွံ့ဖြိုးစေပြီး နိုင်ငံ၏ယှဉ်ပြိုင်နိုင်စွမ်းနှင့် လူမှုရေးတည်ငြိမ်မှုကို အထောက်အကူပြုသည်။ ထို့ကြောင့် ပညာရေးမူဝါဒများသည် နိုင်ငံ၏ အနာဂတ်ပညာရေးလမ်းကြောင်းကို ပုံဖော်ပေးသည့် မဟာဗျူဟာမြောက် လမ်းညွှန်ချက်များဖြစ်သည်။

ကမ္ဘာကြီး၏ လျင်မြန်စွာ ပြောင်းလဲမှုများနှင့်အတူ ပညာရေးမူဝါဒများကိုလည်း အချိန်နှင့်တစ်ပြေးညီ ပြန်လည်သုံးသပ်ပြီး လိုအပ်သလို ပြင်ဆင်မွမ်းမံရန်လိုအပ်သည်။ ထို့ကြောင့် **အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (NESP II) (2021–2030)** ၏ ပထမ ငါးနှစ်ကာလကို ပြန်လည်သုံးသပ်ခြင်းသည် အရေးကြီးသည်။ ဤပထမ ငါးနှစ်ကာလကို ပြန်လည်သုံးသပ်ရမည့် စီမံကိန်းစစ်တမ်းသည် လုပ်ငန်းများ၏တိုးတက်မှုနှင့် အကောင်အထည်ဖော်မှုအခြေအနေများကို သိရှိစေရုံသာမက ရရှိထားသောအတွေ့အကြုံနှင့် အထောက်အထားများအပေါ် အခြေခံ၍ ရှေ့ဆက်ကာလပညာရေးမူဝါဒများနှင့် လုပ်ငန်းစဉ်များကို ပိုမိုထိရောက်ခိုင်မာစေရန် လမ်းညွှန်ပေးနိုင်မည့် အရေးပါသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။

### မြန်မာ့ပညာရေးပြုပြင်ပြောင်းလဲရေး၏ ခရီးစဉ်

မြန်မာနိုင်ငံ၏ ပညာရေးစနစ်သည် နှစ်ပေါင်းများစွာအတွင်း အဆင့်ဆင့်ဖွံ့ဖြိုးတိုးတက်လာခဲ့သော်လည်း ၂၁ ရာစု၏ လူမှုစီးပွားအခြေအနေများ၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှုများနှင့် နိုင်ငံတကာ ပညာရေးလမ်းကြောင်းများသည် ပညာရေးကဏ္ဍကို ပိုမိုကျယ်ပြန့်သော ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ရန် လိုအပ်လာသည်။ ထိုသို့သောအခြေအနေများမှတစ်ဆင့် ပညာရေးပြုပြင်ပြောင်းလဲရေးသည် သင်ရိုးညွှန်းတမ်းများပြုပြင်မွမ်းမံခြင်းနှင့် အခြေခံအဆောက်အအုံများ ဖြည့်ဆည်းပေးခြင်းတို့ကို ကျော်လွန်၍ သင်ကြားသင်ယူမှုစနစ်တစ်ခုလုံး ပိုမိုကောင်းမွန်တိုးတက်လာစေရေးအတွက် ဘက်စုံကြိုးပမ်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း ထင်ရှားစေခဲ့သည်။

ပညာရေးစီမံခန့်ခွဲမှု၊ ဆရာအတတ်ပညာ၊ သင်ကြားရေးအရည်အသွေး၊ အကဲဖြတ်စနစ်၊ သုတေသန၊ နည်းပညာအသုံးချမှုနှင့် အားလုံးအကျုံးဝင်သော ပညာရေးအခွင့်အလမ်းများကို တစ်ပြိုင်နက်တည်း တိုးတက်အောင် ဆောင်ရွက်နိုင်မည့် ရေရှည်မဟာဗျူဟာ လိုအပ်လာခဲ့သည်။ ယင်းလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် ပညာရေးဝန်ကြီးဌာနက နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးဦးတည်ချက်များနှင့် ကိုက်ညီသည့် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းကို ရေးဆွဲခဲ့ခြင်းဖြစ်သည်။ ယင်းသည် ပညာရေးကဏ္ဍတစ်ခုချင်းစီ၏ ဖွံ့ဖြိုးတိုးတက်မှုကို သီးခြားကြည့်ရှုထားခြင်းမဟုတ်ဘဲ ပညာရေးစနစ်တစ်ရပ်လုံးကို ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်စေရန် ဦးတည်ထားသော မဟာဗျူဟာမြောက်လမ်းပြမြေပုံဖြစ်သည်။

### အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (NESP I) (၂၀၁၆–၂၀၂၁)–ပညာရေးပြုပြင်ပြောင်းလဲမှု၏ အခြေခံအုတ်မြစ်

၂၀၁၆ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့သော အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း **(NESP I)** (၂၀၁၆–၂၀၂၁) သည် မြန်မာ့ပညာရေးပြုပြင်ပြောင်းလဲရေးအတွက် ပထမဆုံး ရေရှည်မဟာဗျူဟာစီမံကိန်းဖြစ်သည်။ ယင်းစီမံကိန်း၏ အဓိကရည်ရွယ်ချက်မှာ ပညာရေးကဏ္ဍတစ်ခုလုံးကို စနစ်တကျ ခေတ်မီတိုးတက်စေရန်၊ အရည်အသွေးမြင့်ပညာရေးကို တိုးချဲ့ပေးရန်နှင့် လူတိုင်းအတွက် သင်ယူမှုအခွင့်အလမ်းများ ပိုမိုရရှိစေရန်ဖြစ်သည်။ အဆိုပါစီမံကိန်းတွင် အခြေခံပညာသင်ရိုးညွှန်းတမ်းများ ပြုပြင်မွမ်းမံခြင်း၊ ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ၊ ပညာရေးစီမံခန့်ခွဲမှုစနစ်များ တိုးတက်ကောင်းမွန်စေရေး၊ အရည်အသွေးအာမခံရေးယန္တရားများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပညာရေးအခွင့်အလမ်းများ ပိုမိုကျယ်ပြန့်စေရေးတို့ကို ဆက်တိုက်ဆောင်ရွက်ခဲ့သည်။

အဆိုပါ ဆောင်ရွက်ချက်များသည် မြန်မာ့ပညာရေးစနစ်ကို ပိုမိုစနစ်ကျစေပြီး တစ်ဆင့်တိုးဖွံ့ဖြိုးရေးအတွက် အခြေခံအုတ်မြစ်တစ်ရပ်ကို တည်ဆောက်ပေးခဲ့သည်။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း **(NESP I)** ၏ အောင်မြင်မှုများနှင့် အတွေ့အကြုံများသည် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း **(NESP II)** ကို ပိုမိုကျယ်ပြန့်သော မျှော်မှန်းချက်များဖြင့် ရေးဆွဲနိုင်ရန် အဖိုးတန်သော သင်ခန်းစာများအဖြစ် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။

### အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း NESP II (၂၀၂၁–၂၀၃၀) – အရည်အသွေး၊ တန်းတူညီမျှမှုနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့

စီမံကိန်းအမှတ်(၂)သည် စီမံကိန်းအမှတ်(၁) မှ ရရှိခဲ့သော အတွေ့အကြုံများနှင့် သင်ခန်းစာများကို အခြေခံ၍ (၂၀၂၁ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်) အထိ ဆယ်နှစ်တာကာလအတွက် ရေးဆွဲထားသော အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းဖြစ်သည်။ ဤစီမံကိန်း၏ ရည်မှန်းချက်မှာ မြန်မာနိုင်ငံတွင် အရည်အသွေးမြင့်၊ တန်းတူညီမျှ၍ အားလုံးအကျုံးဝင်သော ပညာရေးစနစ်တစ်ရပ်ကို တည်ဆောက်ရန်ဖြစ်ပြီး ပညာရေးကို နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး၏ အဓိကအင်အားအဖြစ် ပိုမိုခိုင်မာစေရန် ရည်ရွယ်ထားသည်။

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း **(NESP II)** သည် အခြေခံပညာ၊ နည်းပညာနှင့် သက်မွေးပညာ၊ အဆင့်မြင့်ပညာရေး၊ ဆရာအတတ်ပညာဖွံ့ဖြိုးရေး၊ ပညာရေးစီမံခန့်ခွဲမှု၊ ဒီဂျစ်တယ်နည်းပညာအသုံးချမှု၊ သုတေသနနှင့် ဆန်းသစ်တီထွင်မှု၊ အရည်အသွေးအာမခံရေးနှင့် အားလုံးအကျုံးဝင်သော ပညာရေးတို့ကို တစ်ပြိုင်နက်တည်းမြှင့်တင်နိုင်ရန် ဦးတည်ထားသည်။

မဟာဗျူဟာစီမံကိန်းတစ်ရပ်၏ အောင်မြင်မှုသည် ရည်မှန်းချက်များ များပြားခြင်းထက် ဦးစားပေးလုပ်ငန်းများကို မည်မျှတိကျစွာ သတ်မှတ်နိုင်သည်အပေါ် မူတည်သည်။ ထို့ကြောင့် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (NESP II)ကို ရေးဆွဲရာတွင် ပညာရေးကဏ္ဍအသီးသီး၏ လက်ရှိလိုအပ်ချက်များ၊ (NESP I)အကောင်အထည်ဖော်မှုမှ ရရှိခဲ့သောအတွေ့အကြုံများ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၏ အကဲဖြတ်သုံးသပ်ချက်များနှင့် သက်ဆိုင်သူများ၏ အမြင်များကို စနစ်တကျ စုစည်းသုံးသပ်ကာ ဦးစားပေးလုပ်ငန်းများကို သတ်မှတ်ခဲ့သည်။

ဤသို့ဦးစားပေးလုပ်ငန်းများကို ရေးဆွဲရာတွင် ရည်ရွယ်ချက်တစ်ခုတည်းကိုသာ မျှော်မှန်းထားခြင်းမဟုတ်ဘဲ ပညာရေးစနစ်တစ်ခုလုံး အပြန်အလှန်ချိတ်ဆက်၍ တိုးတက်စေရန်ကို ဦးတည်ထားသည်။ အရည်အသွေးရှိသော သင်ကြားသင်ယူမှု၊ အရည်အချင်းပြည့်ဝသော ဆရာ ဆရာမများ၊ ခိုင်မာသောစီမံခန့်ခွဲမှုစနစ်၊ ထိရောက်သော အရည်အသွေး အာမခံရေးယန္တရားနှင့် ဒီဂျစ်တယ်နည်းပညာအသုံးချမှုတို့သည် တစ်ခုနှင့်တစ်ခု အပြန်အလှန် အားဖြည့်ပေးသောအစိတ်အပိုင်းများဖြစ်ကြောင်း အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (NESP II) က အလေးထားဖော်ပြထားသည်။ ထို့ကြောင့် NESP II သည် သီးခြားစီမံကိန်းများ စုစည်းထားခြင်းမဟုတ်ဘဲ မြန်မာ့ပညာရေးစနစ်ကို ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်သည့် ပေါင်းစည်းထားသော မဟာဗျူဟာစီမံကိန်းတစ်ရပ်ဖြစ်သည်။

### မူဝါဒကောင်းများကို ပိုမိုခိုင်မာစေသည့် NESP II ၏ ပထမငါးနှစ်ကာလ စီမံကိန်းစစ်တမ်း

အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းတစ်ရပ်ကို ရေးဆွဲနိုင်ခြင်းသည် အရေးကြီးသကဲ့သို့ ယင်းစီမံကိန်းကို လက်တွေ့အကောင်အထည်ဖော်နေစဉ် မည်မျှထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့သည်ကို အချိန်နှင့်တစ်ပြေးညီ ပြန်လည်သုံးသပ်နိုင်ခြင်းသည်လည်း အလွန်အရေးကြီးပါသည်။ အထူးသဖြင့် ဆယ်နှစ်တာကာလကဲ့သို့ ရေရှည်စီမံကိန်းများတွင် စီမံကိန်းပြီးဆုံးချိန်အထိ စောင့်ဆိုင်းပြီးမှ အကဲဖြတ်ခြင်းထက် စီမံကိန်းတစ်ရပ်၏ အလယ်ကာလ၌ ပြန်လည်သုံးသပ်ခြင်းက ပိုမိုထိရောက်သော စီမံခန့်ခွဲမှုနည်းလမ်းတစ်ရပ်ဖြစ်သည်။

စီမံကိန်းတစ်ရပ်ကို အကောင်အထည်ဖော်နေစဉ် ပြင်ပပတ်ဝန်းကျင်၊ လူမှုစီးပွားအခြေအနေ၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့် လက်တွေ့အကောင်အထည်ဖော်မှုတို့တွင် အပြောင်းအလဲများ ဖြစ်ပေါ်နိုင်သည်။ ထို့ကြောင့် မူလရေးဆွဲထားသော လုပ်ငန်းအစီအစဉ်များကို အခြေအနေအသစ်များနှင့် ကိုက်ညီအောင် ပြန်လည်သုံးသပ်ရန် လိုအပ်လာသည်။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (NESP II) သည်လည်း ပထမငါးနှစ်တာကာလအတွင်း အတွေ့အကြုံများစွာရရှိခဲ့ပြီးဖြစ်ရာ ယင်းအတွေ့အကြုံများကို စနစ်တကျ သုံးသပ်ခြင်းအားဖြင့် မည်သည့်လုပ်ငန်းများကို ဆက်လက်အရှိန်မြှင့်ရမည်၊ မည်သည့်ကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရမည်နှင့် မည်သည့်မူဝါဒများကို လိုအပ်သလို ပြင်ဆင်ဖြည့်စွက်သင့်သည်ကို အထောက်အထားအခြေပြုဆုံးဖြတ်နိုင်မည်ဖြစ်သည်။

ထို့ကြောင့် ပထမငါးနှစ်ကာလ စီမံကိန်းစစ်တမ်းသည် စီမံကိန်းကိုရပ်တန့်၍ ပြန်လည်စတင်ခြင်းမဟုတ်ဘဲ အောင်မြင်မှုများကို ဆက်လက်တိုးချဲ့ပြီး လိုအပ်ချက်များကို အချိန်မီဖြည့်ဆည်းနိုင်ရန် လမ်းညွှန်ပေးသည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။

> **ပထမငါးနှစ်ကာလကို ပြန်လည်သုံးသပ်ရမည့် စီမံကိန်းစစ်တမ်းသည် လုပ်ငန်းများ၏ တိုးတက်မှုနှင့် အကောင်အထည်ဖော်မှုအခြေအနေများကို သိရှိစေရုံသာမက ရရှိထားသော အတွေ့အကြုံနှင့် အထောက်အထားများအပေါ် အခြေခံ၍ ရှေ့ဆက်ကာလပညာရေးမူဝါဒများ နှင့် လုပ်ငန်းစဉ်များကို ပိုမိုထိရောက်ခိုင်မာစေရန် လမ်းညွှန်ပေးနိုင်မည့် အရေးပါသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်**

### ဒေတာစုဆောင်းခြင်းနှင့် ပါဝင်သူများ၏ ပူးပေါင်းပါဝင်မှု

ပညာရေးဝန်ကြီးဌာန၏ လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာနသည် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (NESP II) ပထမငါးနှစ်ကာလသုံးသပ်ချက်လုပ်ငန်းစဉ်၏ အဓိက တာဝန်ယူဌာနအဖြစ် ဆောင်ရွက်လျက်ရှိသည်။ ဤတာဝန်မှာ အချက်အလက်များကို စုဆောင်းပေးရုံမျှမဟုတ်ဘဲ လုပ်ငန်းစဉ်တစ်ခုလုံးကို စနစ်တကျ ညှိနှိုင်းကွပ်ကဲ၍ အထောက်အထားအခြေပြု မူဝါဒများချမှတ်နိုင်ရေးကို အထောက်အကူပြုခြင်းဖြစ်သည်။

ကြားကာလသုံးသပ်မှုအတွက် အချက်အလက်ကောက်ယူရေးလက်စွဲစာအုပ်ကိုပြုစုခြင်း၊ သက်ဆိုင်ရာဦးစီးဌာနများနှင့် ပူးပေါင်းညှိနှိုင်းခြင်း၊ အချက်အလက်များကို စနစ်တကျ စုစည်းသုံးသပ်ခြင်းနှင့် နောက်ဆုံးတွင် ပြည်ထောင်စုအဆင့်သို့ တင်ပြမည့်အစီရင်ခံစာကို ပြုစုနိုင်ရန် ဦးဆောင် ဆောင်ရွက်ခြင်းတို့သည် လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန၏ အရေးပါသောလုပ်ငန်းစဉ်များဖြစ်သည်။ **Monitoring** သည် လုပ်ငန်းတိုးတက်မှုကို ဆက်လက်စောင့်ကြည့်ပေးသည့်လုပ်ငန်းစဉ်ဖြစ်ပြီး **Evaluation** သည် ရရှိလာသောရလဒ်များနှင့် သက်ရောက်မှုများကို သုံးသပ်ပေးသည့် လုပ်ငန်းစဉ်ဖြစ်သည်။ ယင်းနှစ်ခုကို ပေါင်းစပ်အသုံးပြုနိုင်မှသာ မူဝါဒများ၏ထိရောက်မှုကို မှန်ကန်စွာအကဲဖြတ်နိုင်မည်ဖြစ်သည်။

ကောင်းမွန်သောမူဝါဒများသည် စာရင်းကိန်းဂဏန်းများတစ်ခုတည်းအပေါ် အခြေခံ၍မပေါ်ပေါက်နိုင်ပါ။ လက်တွေ့အကောင်အထည်ဖော်နေသော အဖွဲ့အစည်းများ၏ အတွေ့အကြုံများ၊ အခက်အခဲများ၊ အောင်မြင်မှုများနှင့် အကြံပြုချက်များကို နားထောင်နိုင်မှသာ မူဝါဒများသည် ပိုမိုလက်တွေ့ကျလာမည်ဖြစ်သည်။ ဤရည်ရွယ်ချက်ဖြင့် ကြားကာလသုံးသပ်မှုအတွက် အချက်အလက်ကောက်ယူရေးသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ သက်ဆိုင်ရာပညာရေးအဖွဲ့အစည်းများထံ ကွင်းဆင်းလေ့လာကာ အချက်အလက်များ စုဆောင်းနိုင်ရန် တွေ့ဆုံမေးမြန်းမှုလမ်းညွှန်များနှင့် အချက်အလက်ကောက်ယူခြင်းနည်းလမ်းများကို စနစ်တကျ သတ်မှတ်ပေးထားသည်။ ကွင်းဆင်းလေ့လာမှုများမှ ရရှိလာသောအချက်အလက်များသည် စီမံကိန်း၏ လက်တွေ့အခြေအနေကို ထင်ဟပ်စေပြီး ဒေသအသီးသီး၏ လိုအပ်ချက်များကို နားလည်နိုင်စေသည်။ ယင်းအချက်အလက်များသည် နောင်လာမည့် မူဝါဒဆုံးဖြတ်ချက်များအတွက် အဖိုးတန်သောအထောက်အထားများဖြစ်လာမည်ဖြစ်သည်။ **(ဆက်လက်ဖော်ပြပါမည်)**

# ငဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ရောဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်ခြောက်မြို့နယ်ရှိ ရပ်ကွက် ၂၂ ခုနှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုဖြစ်ပွား ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၇

ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်/ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု စတင်ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၁၇ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။



ထိုသို့ဖြစ်ပွားလျက်ရှိရာ လေးမျက်နှာမြို့နယ်အတွင်း ဩဂုတ် ၁၄ ရက်တွင် ငဝန်မြစ်ရေသည် ခုနစ်ပေ ကိုးလက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ရာမှ ယနေ့တွင် ငါးပေ နှစ်လက်မခန့်သာ ကျန်ရှိတော့သဖြင့် နှစ်ပေ ခြောက်လက်မခန့် ကျဆင်းသွားခဲ့ကြောင်း၊ ရေကြည်မြို့နယ်၌ ဩဂုတ် ၂၄ ရက်တွင် ၁၁ ပေ နှစ်လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ကိုးပေ ရှစ်လက်မခန့်သာ ကျန်ရှိတော့သဖြင့် တစ်ပေ နှစ်လက်မခန့် ကျဆင်းသွားခဲ့ကြောင်းနှင့် ငသိုင်းချောင်းမြို့တွင် ငဝန်မြစ်ရေသည် ဩဂုတ် ၂၃ ရက်တွင် ၁၀ ပေ ကိုးလက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ကိုးပေ ၁၁ လက်မခန့်သာ ကျန်ရှိသဖြင့် ၁၀ လက်မခန့်ကျဆင်းသွားခဲ့ကြောင်း သိရသည်။

ရေပြန်လည်ကျဆင်းသွားသည့် လေးမျက်နှာ–ဟင်္သာတသွား ကားလမ်းမကြီးနှင့် အချို့နေရာများအား အများပြည်သူနှင့် မော်တော်ယာဉ်များ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ စုပေါင်း၍ ကားလမ်းမကြီးပေါ်၌ တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်သရိုက်များအား ရှင်းလင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ငဝန်ပန်းတာ ရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များ ဖြည့်၍ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ငဝန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများအသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှုတားဆီးကာကွယ်ရေး လုပ်ငန်းဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ) တာကိုယ်ထည် တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၇

ရောဝတီ တိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ တိုးမြစ်၏ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ)တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျား ပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည် တိုက်စားမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။



ထိုသို့ တာကိုယ်ထည် တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက် တာခြေတွင် တုတ်တန်းရိုက် သဲအိတ်ဖြည့်ခြင်း၊ သဲအိတ်ဖြင့် တာခြေထောက်ခြင်း၊ မူရင်းတာ 2nd Bund Slope အခြေ သဲအိတ်ထောက်ခြင်း၊ ယာယီပန်းတာ တည်ဆောက်ခြင်း၊ ကမ်းရင်းတာ (Bund Slope) တည်ဆောက်ခြင်းနှင့် ယာယီပန်းတာ၏ မြစ်ဘက် Slope အခြေထောက်ခြင်း လုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မိတ္ထီလာမြို့၌ မီးငြိမ်းသတ်နည်းဇာတ်တိုက်လေ့ကျင့်

မိတ္ထီလာ ဩဂုတ် ၂၇

မိတ္ထီလာမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်အဆင်သင့်ဖြစ်မှုမြှင့်တင်ရေး (မြို့နယ်အဆင့်)ဆင့်ပွားသင်တန်းတက်ရောက်လျက်ရှိသည့် သင်တန်းသားသင်တန်းသူ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် ကျောင်းအကျိုးဆောင်ကော်မတီဝင်များအား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်နည်း ဇာတ်တိုက်လေ့ကျင့်ပေးခြင်းများကို ယနေ့နံနက်ပိုင်းတွင် ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းနှင့် တပ်ဖွဲ့ဝင်များက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



# အမာခံကျောက်ဖြည့် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

ဟင်္သာတ ဩဂုတ် ၂၇

ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်တွင် ဟင်္သာတမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် ဟင်္သာတမြို့ အေးမြသာယာရပ်ကွက် မင်းရဲကျော်စွာလမ်း အမာခံကျောက်ဖြည့် ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်စိုးနှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးသည်။

ယင်းသို့ စစ်ဆေးရာတွင် မြို့နယ်အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရဲစိုးတို့က လုပ်ငန်းဆောင်ရွက်နေမှုများ၊ ဘိလပ်မြေအိတ်များ သိုလှောင်ထားရှိမှု၊ အသုံးပြုမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း လုပ်ငန်းပြီးစီးရေးနှင့် အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ရေး မှာကြားသည်။



ထို့နောက် ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက လေးမျက်နှာမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် ဖယောင်းတိုင်ထုပ် ၁၅၀၀ ကို ဟင်္သာတခရိုင် အလှူငွေနှင့် ပစ္စည်းလက်ခံရာဌာနသို့ လှူဒါန်းရာ ခရိုင်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအဖွဲ့က လက်ခံရယူခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကြံခင်းမြို့နယ်၌ မီးဘေးအန္တရာယ်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

ကြံခင်း ဩဂုတ် ၂၇

ရောဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ မြို့နယ်မီးသတ်ဦးစီးဌာနက ကြီးမှူး၍ ယနေ့မွန်းလွဲပိုင်းတွင် စာသင်ကျောင်းအခြေပြု မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးဘေးအန္တရာယ် သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို ပြုလုပ်သည်။

ဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုနိုင်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရမည့် အချက်များ၊ အသက်ကယ်အင်္ကျီ ဝတ်ဆင်ပုံ၊ မီးသတ်ဆေးဘူးအသုံးပြုမီးငြိမ်းသတ်ပုံ နည်းစနစ်များကို အသိပညာပေး ဟောပြောပြီး မီးဘေးလုံခြုံရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။



ထို့နောက် ကျောင်းရှေ့ကွင်းပြင်တွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုနိုင် ဦးဆောင်သော သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက ဆီမီးကြောင့် မီးလောင်မှုဖြစ်ပွားပါက မီးသတ်ဆေးဘူးဖြင့် အရေးပေါ်မီးငြိမ်းသတ်ခြင်း၊ ရေစိုအဝတ်ဖြင့် အရေးပေါ် မီးငြိမ်းသတ်ပုံများကို သရုပ်ပြသကာ ကျောင်းသားကျောင်းသူများနှင့်အတူ လက်တွေ့လေ့ကျင့်ပေးခဲ့ကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

# ရောဝတီမြစ်ဆုံ-မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းနှင့်စပ်လျဉ်း၍ ပိုမိုသိရှိနားလည်နိုင်ရေး ဝိုင်းမော်မြို့နယ်အတွင်းရှိ ကျေးရွာနေပြည်သူများနှင့် ရပ်ရွာအခြေပြု တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ

မြစ်ကြီးနား ဩဂုတ် ၂၇

ကချင်ပြည်နယ် အစိုးရအဖွဲ့၏ ကြီးကြပ်စီမံမှုဖြင့် ရောဝတီမြစ်ဆုံ-မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းနှင့် စပ်လျဉ်း၍ဒေသတွင်းရှိ ပြည်သူများ နည်းပညာဆိုင်ရာ သိသင့်သိထိုက်သည်များနှင့် အသိပညာဗဟုသုတပိုမိုသိရှိနားလည်စေရေး ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကချင်ပြည်နယ် ဒေသခံကော်မတီတို့က ရပ်ကွက်/ကျေးရွာအဆင့်ထိ ရပ်ရွာအခြေပြု ပြည်သူလူထုနှင့် တွေ့ဆုံဆွေးနွေးပွဲများကို အဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ယနေ့မွန်းလွဲပိုင်းက ဝိုင်းမော်မြို့နယ်အတွင်းရှိ ကျေးရွာများမှ ပြည်သူများနှင့် မိုင်းနားကျေးရွာ အုပ်စု နောင်တာလောကျေးရွာ သာသနာ့ရက္ခိတကျောင်းတိုက် ဓမ္မလင်္ကာရဓမ္မာရုံ၌ တွေ့ဆုံဆွေးနွေးကြသည်။



အဆိုပါဆွေးနွေးပွဲတွင် ရောဝတီမြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းနှင့် ပတ်သက်၍ ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာအောင်ဝင်း ဦးဆောင်၍ ဒေသခံကော်မတီ အဖွဲ့ခေါင်းဆောင် ဦးတိန့်ဆောင်နှင့် အဖွဲ့ဝင်များက ကျေးရွာနေပြည်သူများ၏ မေးမြန်းဆွေးနွေး တင်ပြမှုများအပေါ် သိသင့်သိထိုက်သည့် နည်းပညာဆိုင်ရာ အချက်အလက်များ၊ ဘူမိဗေဒဆိုင်ရာပညာရှင် တွေ့ရှိချက်များ၊ လျှပ်စစ်စွမ်းအင်ရရှိမှုပေါ်မူတည်၍ နိုင်ငံတစ်ခုနှင့်တစ်ခု ဖွံ့ဖြိုးတိုးတက်မှု ကွာခြားသည့် နှိုင်းယှဉ်ဖော်ပြချက်များ၊ မြစ်ဆုံနေရာကို ရွေးချယ်ရခြင်း၏ အင်ဂျင်နီယာဆိုင်ရာ အားသာချက်များကို အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် မိမိတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး သာမက မိသားစုတစ်ခုချင်း၏ တိုးတက်မြင့်မားရေးတွင် လျှပ်စစ်မီးသည် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်သကဲ့သို့ ယနေ့နည်းပညာခေတ်တွင် လျှပ်စစ်မီးသည် မရှိမဖြစ်အသုံးပြုရန်လိုအပ်နေသည်ကို မိမိတို့အားလုံး သိရှိနားလည်ပြီး ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ မိမိတို့၏ ဆုံးဖြတ်ချက်သည် အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည်ကို အားလုံးက သိရှိနားလည်လက်ခံကြရန် လိုအပ်ပြီး စီမံကိန်းအတွက် ပူးပေါင်းပါဝင်ကြရန်လိုကြောင်း ပြောကြားသည်။

နံနက်ပိုင်းကလည်း မိုင်းနားကျေးရွာ နယ်မြေ(၁)ရှိ ရွှေနဒီခန်းမ၌ ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံ၍ သဘာဝဘေးအန္တရာယ်ကျရောက်ပါက မည်သို့စီမံထားသည်နှင့် ကြိုတင်စီမံဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ရောဝတီမြစ်တစ်လျှောက် နေထိုင်သူများအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ စီမံကိန်းတည်ဆောက်စဉ်ကာလအတွင်း မည်ကဲ့သို့ ကြီးကြပ်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်း၊ ခံစားခွင့်၊ အကျိုးအမြတ်၊ စိုးရိမ်ပူပန်မှုများနှင့် စပ်လျဉ်း၍ အပြန်အလှန် ပွင့်လင်းရင်းနှီးစွာ ဆွေးနွေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# လသာမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၇

ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကို ယမန်နေ့က လသာမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ဗဟိုစံပြခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ပြည့်ဖြိုးက အမှာစကား ပြောကြားပြီး လသာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းသဲနုအောင်က စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ပြုလုပ်ရခြင်း ရည်ရွယ်ချက်များနှင့် လူငယ်များ၏ အခန်းကဏ္ဍ မြှင့်တင်ပေးနိုင်ရေး အတွက် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး လူငယ်ရေးရာ စကားဝိုင်းနှင့် အသိပညာပေးဟောပြောပွဲများကို ကျင်းပသည်။

ထို့နောက် ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲနှင့် ဂိမ်းကစားနည်း ပြိုင်ပွဲများကို မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသားကျောင်းသူများက ပါဝင်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲများတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **နေလင်း(ပြန်/ဆက်)**

# သန်လျင်မြို့နယ်၌ မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ် အသိပညာပေး ဟောပြော

သန်လျင် ဩဂုတ် ၂၇

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်၌ မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ် အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ပျဉ်ထောင်ကျောင်း အခြေခံပညာအထက်တန်းကျောင်း သဇင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမိုးမြင့်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌ ဦးစိုးဝင်း(ရဲချုပ်-ငြိမ်း)က မူးယစ်ဆေးဝါးအမျိုးမျိုး မြန်မာနိုင်ငံသို့ စတင်ရောက်ရှိလာပုံ၊ မူးယစ်ဆေးဝါးအမျိုးမျိုး၏ ဆိုးကျိုးဘေးအန္တရာယ်များနှင့် ခေတ်အဆက်ဆက် မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ယနေ့လူငယ်နှင့် မူးယစ်ဆေးဝါးပြဿနာအကြောင်း၊ မူးယစ်ဆေးဝါးဆိုင်ရာဥပဒေ၊ နည်းဥပဒေနှင့် ပြစ်မှု/ပြစ်ဒဏ်များအကြောင်း၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း စတင်ဖွဲ့စည်းပုံအကြောင်းတို့ကို ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တွံတေးမြို့နယ်၌ ကရင်ရိုးရာဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာ (လက်ချည်ပွဲ)အခမ်းအနား ကျင်းပ

တွံတေး ဩဂုတ် ၂၇

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ ခရိုင်အဆင့်ကရင်ရိုးရာဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက သုံးအိမ်ကျေးရွာ မဟာသဒ္ဓမ္မရံသီကျောင်းတိုက်၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးနေမင်းထွန်း၊ ရန်ကုန်တိုင်းဒေသကြီး ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီနာယက အတီးစောမျိုးချစ်တို့က ဖားစည် ကိုးချက်တီးကာ ကရင်လူငယ် ကိုးဦးက ကျွဲချိုမှုတ်၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက နှုတ်ခွန်းဆက်စကားများပြောကြားသည်။ ယင်းနောက် တွံတေးမြို့နယ် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ စောခင်ဇော်က ကရင်ရိုးရာဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာ(လက်ချည်ပွဲ)အကြောင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဝန်ကြီးနှင့် အဖွဲ့ဝင်များက ကရင်ရိုးရာ ဒုံးအကဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြပြီး ဝန်ကြီးနှင့် တာဝန်ရှိသူများက ကရင်ရိုးရာဒုံးအကအဖွဲ့များအား ဆုငွေများ ချီးမြှင့်သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်၊ တွံတေးခရိုင်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများအား ကရင်ဘိုးဘွားများက ချည်ဖြူဖွဲ့ပေးကြကြောင်း သိရသည်။ **မျိုးလှိုင်(တွံတေး)**



# စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေ ၇၁၇၉ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဩဂုတ် ၂၇

စားသုံးသူပြည်သူများ စားသုံးဆီ ဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၃ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေ ၇၁၇၉ ကျပ် ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန် ကြေညာထားကြောင်း သိရှိရသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Pageနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူ ခံရနိုင်ပါသည်။

○ ၂၀၂၆ ခုနှစ်မှ သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။

ဦးစွာ အမျိုးသားသုံးယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ကချင်ပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အလားတူ အမျိုးသမီးသုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ဧရာဝတီတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ချင်းပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဩဂုတ် ၂၈ ရက်တွင် အမျိုးသား/အမျိုးသမီး သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်များနှင့် ကွာတားဖိုင်နယ်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်ရာ အားကစားဝါသနာရှင်များ မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

■ **အပြောင်းအလဲများစွာမှ**

ပွဲစဉ်(၁)အဖြစ် ဩဂုတ် ၂၈ ရက်တွင် YUSC ကွင်း၌ Chinland အသင်းနှင့် ရတနာပုံအသင်း၊ သန်လျင်သီဟဒီပကွင်း၌ သစ္စာအားမာန်အသင်းနှင့် မြဝတီအသင်း၊ ဩဂုတ် ၂၉ ရက်တွင် သန်လျင်သီဟဒီပကွင်း၌ ဒဂုံစတားယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်း၊ ပုသိမ်ကျောက်တိုင်ကွင်း၌ ဧရာဝတီယူနိုက်တက်အသင်းနှင့် အား/ကာသိပ္ပံအသင်း၊ ဩဂုတ် ၃၀ ရက်တွင် တောင်ဥက္ကလာပ ပဒေသာကွင်း၌ ရန်ကုန်စီးတီးအသင်းနှင့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း၊ YUSC ကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် စစ်ကိုင်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပထမအကျော့ပွဲစဉ်များကို ဩဂုတ် ၂၈ ရက်မှ ဒီဇင်ဘာ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ရန်ကုန်မြို့ရှိ ကွင်းများအပြင် တောင်ကြီး၊ ပုသိမ်၊ ပဲခူးမြို့များ၌ ကျင်းပမည်ဖြစ်ကာ ရတနာပုံအသင်း၏ အိမ်ကွင်းပွဲများကို ဒုတိယအကျော့မှသာ မန္တလေးမြို့ရှိ ဗထူးကွင်း၌ ပြုလုပ်မည်ဖြစ်သည်။ မြန်မာလိဂ်သည် ယခုရာသီတွင် အမည်ပြောင်းလဲခြင်း၊ လိုဂိုပြောင်းလဲခြင်းများနှင့်အတူ အသွင်သစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ကလပ်အသင်းများအား Ranking Subsidy၊ အခြေခံ Subsidy များ တိုးမြှင့်ပေးထားသလို တစ်ပွဲချင်းစီအလိုက်ချီးမြှင့်သည့် AYA Pay Player of the Match ဆု၊ တစ်ရာသီလုံး သွင်းဂိုးအများဆုံး ကစားသမားဆုတို့ကိုလည်း ဆုကြေးငွေများ တိုးမြှင့်ချီးမြှင့်သွားမည်ဖြစ်သည်။ တစ်ပွဲချင်းစီအလိုက် ချီးမြှင့်သည့် AYA Pay Player of the Match ဆုကို ယခင်ငွေကျပ်သုံးသိန်း ချီးမြှင့်ခဲ့ရာမှ ယခုအခါ ငွေကျပ် ၁၀ သိန်းအထိ တိုးမြှင့်ချီးမြှင့်မည်ဖြစ်သည်။

၂၀၀၉ ခုနှစ်တွင် စတင်ကျင်းပခဲ့သည့် M-League ပြိုင်ပွဲကို ယခုရာသီတွင် (၁၇)ကြိမ်မြောက်အဖြစ် ကျင်းပမည်ဖြစ်ပြီး ကျင်းပပြီးစီးခဲ့သည့် (၁၆)ကြိမ်တွင် ရှမ်းယူနိုက်တက်အသင်းက ခုနစ်ကြိမ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ငါးကြိမ်၊ ရတနာပုံအသင်းက လေးကြိမ် ဗိုလ်စွဲထားသည်။ ယခုရာသီတွင် ကလပ်အသင်းအားလုံးနီးပါး ရာသီကြိုပြင်ဆင်မှုများစွာ ပြုလုပ်ထားပြီး စံချိန်တင်အောင်မြင်မှုများစွာ ပိုင်ဆိုင်ထားသည့် ရှမ်းယူနိုက်တက်အသင်းက အောင်မြင်မှုများ ဆက်ထိန်းထားရန်၊ ချန်ပီယံဆုနှင့် ဝေးကွာနေသည့် ဒုတိယအအောင်မြင်ဆုံး အသင်းဖြစ်သည့် ရန်ကုန်ယူနိုက်တက်အသင်းက ချန်ပီယံဆု ပြန်လည်ရယူနိုင်ရန်၊ ခေတ်ဦးကာလတွင် ပြည်တွင်း၊ ပြည်ပအောင်မြင်မှုများစွာ ရယူခဲ့သည့် ရတနာပုံအသင်းက အပြောင်းအလဲများစွာနှင့်အတူ တစ်ကျော့ပြန် အောင်မြင်မှုရရှိရေး၊ တန်းတက်အသင်းဖြစ်သော်လည်း ထိပ်သီးအသင်းများနည်းတူ လက်ရွေးစင်အဆင့်ကစားသမားများ၊ နိုင်ငံခြားသားကစားသမားများ ခေါ်ယူထားသည့် ရန်ကုန်စီးတီးအသင်း၏ ရလဒ်ကောင်းရယူနိုင်ရန် စသည့် ရည်မှန်းချက်များကြောင့် ယခုရာသီ M-League ပြိုင်ပွဲမှာ ပြိုင်ဆိုင်မှုပိုမိုပြင်းထန်လာဖွယ်ရှိနေသည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-စိုးညွန့်သော်**

# သာကေတမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၇

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ဩဂုတ် ၂၆ ရက်က သာကေတမြို့နယ် (၈)ရပ်ကွက် သဒ္ဓမ္မဝေပုလ္လဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ ပြည်သူ့စကားဝိုင်းတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြကြိုင်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ ဆောင်ရွက်ရသည့်လုပ်ငန်းစဉ်များနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအကြောင်းကို ဦးဆောင်ဆွေးနွေးပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်အောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးထွန်းဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးညွန့်ဝင်း၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးအောင်ကျော်လွင်နှင့် မြို့နယ်လျှပ်စစ်မန်နေဂျာဦးညွန့်ဝင်းတို့က တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ မြို့သန့်ရှင်းသာယာရေးနှင့် လျှပ်စစ်မီးရရှိရေးတို့ကို ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**





# မင်္ဂလာတောင်ညွန့်မြို့နယ် အောင်သပြေရောင်းဝယ်ရေးအသင်း အရပ်ရပ်ဆိုင်ရာ စည်းဝေး

ရန်ကုန် ဩဂုတ် ၂၇

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် အောင်သပြေရောင်းဝယ်ရေးအသင်း၏ ၂၀၂၅-၂၀၂၆ အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်ပြန်လည်ရွေးချယ်ခြင်းအခမ်းအနားကို ဩဂုတ် ၂၆ ရက်က ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် သပြေကုန်းရပ်ကွက် အောင်သပြေရောင်းဝယ်ရေးအသင်းဥက္ကဋ္ဌ ဦးလှမျိုးက သဘာပတိအဖြစ်ဆောင်ရွက်ပြီး အမှုဆောင်အစီရင်ခံစာနှင့် အသင်းသားစာရင်းစစ်အစီရင်ခံစာများကို အမှုဆောင်တစ်ဦးက ဖတ်ကြားအတည်ပြုသည်။

ဆက်လက်၍ အမှုဆောင်ငါးဦးနှင့် အသင်းသားစာရင်းစစ်နှစ်ဦးတို့ကို ရွေးချယ်ကာ တက်ရောက်သူ အသင်းသားများအား အစုပေါ်အမြတ်ငွေများ ထုတ်ပေးခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

# ရောင်နီဦးရောင်းဝယ်ရေးသမဝါယမအသင်း နှစ်ပတ်လည် စည်းဝေး

ရန်ကုန် ဩဂုတ် ၂၇

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်တွင် ရောင်နီဦးရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲကို အသင်းရုံးခန်း၌ ဩဂုတ် ၂၅ ရက်က ပြုလုပ်သည်။

ဦးစွာ ရောင်နီဦးရောင်းဝယ်ရေးအသင်းဥက္ကဋ္ဌက အသင်း၏လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းကာ အသင်းအစုပေါ်အမြတ်ငွေကျပ် ၁၀၅ သိန်းကို အသင်းသားအသင်းသူများအား ပေးအပ်သည်။ ထို့နောက် အမှုဆောင်အဖွဲ့ဝင်သုံးဦးနှင့် အသင်းစာရင်းစစ်နှစ်ဦးတို့ကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

**မင်းသိန်းထွန်း**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆/ညောင်ပင်ကြီးစုရပ်)၊ ညောင်ပင်ကြီးစုကွက်သစ်မှ မြေဧရိယာ (၀.၀၈၂ဧက)ရှိ ဦးမြင့်လွင် မှတ်ပုံတင်အမှတ်[၁၂/ဥကမ(နိုင်) ဝ၅၈၁၁၉] အဖအမည် ဦးသန်းမောင် အမည်ပေါက် နှစ် (၃၀)မြေငှားစာချုပ် မြေကွက်အမှတ်(ပ-၅၇A)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် (၂၅၄၂/၂၀၁၉)(၂၅-၆-၂၀၁၉)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်မီမီဖြိုး မှတ်ပုံတင်အမှတ်[၉/ ပမန(နိုင်) ၁၉၂၆၅၃] အဖအမည် ဦးမောင်မောင်တင်မှ ဦးမောင်မောင်တင် မှတ်ပုံတင်အမှတ်[၁၃/ မပတ(နိုင်) ဝဝဝ၅၉ဝ] နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်နေ့ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# သွေးသည် အသက်

## ပြင်ဆင်ဖတ်ရှုပါရန်

၂၇-၈-၂၀၂၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၂၃)ပါ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက် အထက်တန်းရှေ့နေ ဒေါ်ယုဇနအောင် ကြော်ငြာတွင် ဝယ်ယူသူ၏ မှတ်ပုံတင်နံပါတ်အား [၇/ဝမန(နိုင်) ၂၁၁၂၀၆] အစား [၇/ဖမန(နိုင်) ၂၁၁၂၀၆]ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄-အေ)၊ အောင်ဇေယျအိမ်ရာ စီမံကိန်းရှိ မြေကွက်အမှတ် (၆၁)အား ဒေါ်ညွန့်ယဉ်ဝင်း [၁၂/ရကန(နိုင်)ဝဝ၉၇၄၆] အမည်ဖြင့် မြေချပါမစ် ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထား (မူရင်း)များတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာဌာနခွဲ၊ မြို့ပြနှင့်**
**အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊**
**ရုံးအမှတ်(၄၀)၊ နေပြည်တော်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ် (၂၄၈/A)၊ မြေညီထပ်(ခေါင်းရင်းခြမ်း)၊ (အလျား၁၈ ပေx အနံ ၅၅ ပေ)ရှိ တိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်သူ ဒေါ်ဟေမာစိုး [၇/ပမန(နိုင်)၁၀၄၅၄၀]မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံ၍ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ဖြူသင်းဝေ [၇/ရတန(နိုင်)၁၀၉၈၂၉]မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက မည်သူမဆို ခိုင်မာသည့် ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်စန်းမြွေး**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၄၅၄)**
**တိုက် (၈)၊ အခန်း (၂၃)၊ ပန်းလှိုင်အိမ်ရာ၊ ကြည့်မြင်တိုင်မြို့နယ်၊**
**ရန်ကုန်မြို့။ Ph: 09-950511007**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ မှော်ဘီမြို့နယ်၊ တိုးချဲ့(၄)ရပ်ကွက်၊ သီရိမင်္ဂလာ (၁)လမ်းတွင်တည်ရှိသော စလစ်မြေအမည်ပေါက် ဦးစံလွင် (PAM-094046) အမည်ဖြင့် အိမ်ရာအဆင့်(ည)၊ အိမ်ရာအကွက်အမှတ်(၁၂)၊ ငွေသွင်းပြေစာအမှတ်(၁၄၁၅/၂၀၂၃)နှင့် စလစ်မြေအမည်ပေါက် ဦးစိန်လင်း (HGU-048733) အမည်ဖြင့် အိမ်ရာအဆင့်(ည)၊ အိမ်ရာအကွက်အမှတ်(၁၃)၊ ငွေသွင်းပြေစာအမှတ် (ဝ၈၇၆/၂၂၈၇)များဖြင့် နေရာချထားပေးထားသည့် အကျယ်အဝန်းအားဖြင့် တစ်ကွက်လျှင် အလျား(၄၀)ပေxအနံ(၆၀)ပေစီ အသီးသီးအကျယ်အဝန်းရှိသော စလစ်မြေအမျိုးအစားဝင်းခြံမြေကွက်များနှင့် ၎င်းမြေကွက်များပေါ်တွင် ဆက်စပ်ပတ်သက်တွယ်ကပ်ပါရှိသော သီးပင်စားပင်အပါအဝင် မြေပေါ်မြေအောက်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား စလစ်မူရင်းအပါအဝင် ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယခုအရောင်းအဝယ် ပြုလုပ်သည့်အချိန်အထိ အမွေစားအမွေခံမှစ၍ အရှုပ်အရှင်းကင်းရှင်းပြီး အရောင်းအဝယ်ပြုလုပ်နိုင်သည့် ပစ္စည်းအရပ်ရပ်တို့ဖြစ်ကြောင်း ဒေါ်စန္ဒီစိုး [၁၂/ဗတထ(နိုင်)ဝဝဝဝ၅၄]မှ ရောင်းချရန် ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သက်မြတ်ဖူးမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို (၂၇-၈-၂၀၂၆)ရက်နေ့တွင် စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အရောင်းအဝယ်ပြုလုပ်သည့် ပစ္စည်းများနှင့် ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမွေစား၊ အမွေခံအပါအဝင် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစတင်၍ (၁၄)ရက်အတွင်း တိကျခိုင်မာသော စလစ်မူရင်းအပါအဝင် စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သဲနုဝင်း (LL.B, D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၄၅၅၇၇)(၂၆-၁-၂၀၁၅)**
**အမှတ်(၆၀)၊ (ဘီ၂)၊ သီရိလမ်း၊ (၂)ရပ်ကွက်၊ လှိုင်မြို့နယ်။**
**ဖုန်း-၀၉-၄၀၁၁၅၄၆၀၀၊ ၀၉-၄၅၀၀၄၆၆၈၆**

❖ နိုင်ငံတော် ရေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ယနေ့ ဖတ်စရာ


နိုင်ငံတစ်ဝန်းဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် ရေဘေးသင့်ခဲ့သောပြည်သူများအတွက် ငွေကျပ်သိန်းပေါင်း ၃၁၀၀၀ ခန့် ထောက်ပံ့ထားရှိ စာမျက်နှာ » ၈

လူမှုကွန်ရက်ပေါ်တွင် လိင်တူအချင်းချင်း ချစ်ကြိုက်သည့် BL (Boys' Love), GL (Girls' Love ) စာအုပ်များကြော်ငြာရောင်းချနေသည့် Facebook Page များအား အသိပေးကြေညာခြင်း စာမျက်နှာ » ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ရွှေဒါးကျကျေးရွာရှိ ရွှေသိမ်တော်ဘုန်းကြီးကျောင်းမှ လက်ထောက်ကျောင်းထိုင်ဆရာတော်အား PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ရက်စက်စွာ ဖမ်းဆီးနှိပ်စက်သတ်ဖြတ် စာမျက်နှာ » ၁၅




မူဆယ်မြို့၌ ဖမ်းဆီးရမိသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်လျက်ရှိသူများနှင့်အတူ လုပ်ငန်းသုံးပစ္စည်းများကို တွေ့ရစဉ်။

# မူဆယ်မြို့၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်လျက်ရှိသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၇

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာပြီး ဒေသတွင်း ပြည်သူလူထုကို သာမက ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးအောင် အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု ကျူးလွန်သူများအား ရှာဖွေဖော်ထုတ်တားဆီးကာကွယ်ခြင်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိသည့်အပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ထိထိရောက်ရောက် ရှာဖွေဖော်ထုတ်ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ❒

# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း(အမျိုးသား / အမျိုးသမီး) သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ



နေပြည်တော် ဩဂုတ် ၂၇

မျိုးဆက်သစ် ပိုက်ကျော်ခြင်းအားကစားသမားများ ပေါ်ထွက်လာစေရန်နှင့် ပိုက်ကျော်ခြင်း အားကစားအဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းပြီး ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း ပြိုင်ပွဲကိုနေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ(A)၌ ဆက်လက်ကျင်းပရာ ယနေ့တွင် ပိုက်ကျော်ခြင်း (အမျိုးသား/အမျိုးသမီး) စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ○



ပြစ်မှုကျူးလွန်သူ တိုးတက်အောင်နှင့် ထက်အောင်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# သာစည်မြို့နယ်၌ ငွေကျပ် ခုနစ်ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြား ငါးသန်းကျော် သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၂၇

သာစည်မြို့နယ်၌ ငွေကျပ် ခုနစ်ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြား ငါးသန်းကျော် သိမ်းဆည်းရမိပြီး မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၂ ရက် ည ၁၁ နာရီခွဲတွင် သတင်းအရ သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအနီးတွင် ထက်အောင်မောင်းနှင်ပြီး တိုးတက်အောင် လိုက်ပါလာသော NISSAN ၁၂ ဘီးယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွဆေးပြား ၅ ဒသမ ၂၈ သန်း (၎င်းဒေသတန်ဖိုးငွေကျပ် ၇ ဒသမ ၉၂ ဘီလီယံ) သိမ်းဆည်းရမိခဲ့သည်။ စာမျက်နှာ ၁၅ ကော်လံ ၅ သို့ ❂

# အပြောင်းအလဲများစွာနှင့် အသွင်သစ် M-League ပြိုင်ပွဲ ပွဲစဉ် (၁) ဩဂုတ် ၂၈ ရက် စတင်ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၇

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာလိဂ်က ကြီးမှူး၍ AYA Bank နှင့် AYA Pay တို့၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၂၆-၂၀၂၇ ရာသီ M-League ပြိုင်ပွဲ ပွဲစဉ် (၁)ကို ဩဂုတ် ၂၈ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက် အသင်းသည် ရာသီကြိုပြင်ဆင်မှုများစွာ ကြီးကြီးမားမား ပြုလုပ်ထားသည့် ရန်ကုန်စီးတီးအသင်းနှင့် ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

စာမျက်နှာ ၂၁ ကော်လံ ၄ သို့ ■




ရာသီကြို MFF Charity Shield ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။